ကြေးမုံ
The Mirror

၁၃၇၂ ခုနှစ်၊ ပြာသိုလဆန်း ၁၂ ရက်၊ တနင်္ဂနွေနေ့၊ (16-1-2011) (၆၆၄၆)

နေပြည်တော်-တောင်ညို-ချောင်းနက်-တောင်တွင်းကြီးလမ်း(ငနှဲစပ်-ကွဲရှင်းအပိုင်း) လေးလမ်းသွားကတ္တရာလမ်းနှင့် ပေ ၁၈၀ အထက် ၂၅၂ စင်းမြောက် ကွဲရှင်းတံတားဖွင့်လှစ် ဒေသ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်

ဖြတ်သန်းကြည့်ရှု

တိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင်အေး၊ ဝန်ကြီးများနှင့် ဧည့်သည်တော်များ နေပြည်တော်-တောင်ညို-ချောင်းနက်-တောင်တွင်းကြီးလမ်း (ငနှဲစပ်-ကွဲရှင်းအပိုင်း) လေးလမ်းသွား ကတ္တရာလမ်းကို ဖြတ်သန်းကြည့်ရှုကြစဉ်။ (သတင်းစဉ်)

နေပြည်တော်　　ဇန်နဝါရီ　　၁၅

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူတည်ဆောက်ဖောက်လုပ်ပြီးစီးခဲ့သည့် နေပြည်တော်-တောင်ညို-ချောင်းနက်-တောင်တွင်းကြီးလမ်း (ငနှဲစပ်-ကွဲရှင်းအပိုင်း) လေးလမ်းသွား ကတ္တရာလမ်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၆ နာရီ ၄၅ မိနစ်တွင် အဆိုပါလမ်း မိုင်တိုင်အမှတ်(၁၇/၂) ရှိ မင်္ဂလာမုခ်ဦးရှေ့၌ ကျင်းပရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင်အေး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး သူရဦးမြင့်မောင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးတင့်ဆွေနှင့် ဦးမြင့်သိန်း၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူး၊ ဝန်ကြီးနှင့် ဒုတိယဝန်ကြီးများက နေပြည်တော်-တောင်ညို-ချောင်းနက်-တောင်တွင်းကြီးလမ်း (ငနှဲစပ်-ကွဲရှင်းအပိုင်း) လေးလမ်းသွားကတ္တရာလမ်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဧည့်ပရိသတ်များသည် ကတ္တရာလမ်းပေါ် ဖြတ်သန်းကြည့်ရှုကြသည်။

ယခုဖွင့်လှစ်သည့် ကတ္တရာလမ်းသည် နေပြည်တော် - တောင်ညို - ချောင်းနက် - တောင်တွင်းကြီးလမ်း (ငနှဲစပ်-ကွဲရှင်းအပိုင်း) မိုင်တိုင်(၁၂/၀)မှ (၁၇/၄) အထိ ငါးမိုင် လေးဖာလုံ အရှည်ရှိပြီး ယခင်က ၁၂ ပေအကျယ် လမ်းအဆင့်သာ ရှိခဲ့ရာမှ အဆိုပါလမ်းအား အကျယ် ၄၈ ပေ လေးလမ်းသွားကတ္တရာလမ်း အဖြစ် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ကွဲရှင်းတံတား ဖွင့်ပွဲအခမ်းအနားကို မိုင်တိုင်အမှတ်(၁၇/၄)ရှိ မင်္ဂလာမဏ္ဍပ်၌ ဆက်လက်ကျင်းပရာ ရှေးဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး ဝန်ကြီး ဦးခင်မောင်မြင့်က တံတားဆိုင်ရာ အချက်အလက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ယူတည်ဆောက်ပေးခဲ့သည့် ပေ ၁၈၀ အထက် ၂၅၂ စင်းမြောက် ကွဲရှင်းတံတားကို တွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
✳ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ် ရွာနိုင်သည်။

နောက်ဆုံးပေါ်နည်းပညာများကို စမ်းသပ်အသုံးပြု၍ ကော်ဘာမှိုင်းခံပြားများ အဆင့်မီစွာ ထုတ်လုပ်နိုင်တော့မည်

အိမ်နီးချင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အိန္ဒိယသမ္မတနိုင်ငံတို့တွင် တာယာထုတ်လုပ်မှုမြင့်မားတိုးတက်လာမှု၊ ဒေသတွင်း အာဆီယံနိုင်ငံများ၌ စက်မှုကုန်ကြမ်းအတွက် ရော်ဘာလိုအပ်မှုတို့ကြောင့် နိုင်ငံတကာဈေးကွက်တွင် ရော်ဘာဝယ်လိုအား တစ်နေ့ထက်တစ်နေ့ မြင့်တက်လျက်ရှိသည်။

အဆိုပါသတင်းကား ရော်ဘာစိုက်တောင်သူများနှင့် ရော်ဘာလုပ်ငန်းရှင်များအတွက် မင်္ဂလာသတင်းကောင်းတစ်ရပ်ပါပေ။

မြန်မာနိုင်ငံတွင် ၂၀၀၅ ခုနှစ်ကစတင်၍ ရော်ဘာစိုက်ပျိုးမှုကို လွတ်လွတ်လပ်လပ် စိုက်ပျိုးထုတ်လုပ်ခွင့်ပြုခဲ့ရာမှ အစပြု၍ ပုဂ္ဂလိကရော်ဘာခြံများ စီရရီပေါ်ထွက်လာခဲ့ပြီးနောက် စိုက်ဧကများစွာလည်း တိုးတက်လာခဲ့သည်။ ယခုလက်ရှိဆိုမှု **စာမျက်နှာ ၈ ကော်လံ ၁ သို့ ❍**

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ - မောင်မောင်ထွေး(သတင်းစဉ်)

ကြေးမုံ The Mirror

၁၆-၁-၂၀၁၁ (တနင်္ဂနွေနေ့)

အမျိုးသားရေးအသိအမြင် မြင့်မားအောင်ပျိုးထောင်

သိပ္ပံနှင့် နည်းပညာရပ်များ အချိန်နှင့်အမျှ တိုးတက်ပြောင်းလဲနေသည်။ ကမ္ဘာ့နိုင်ငံအသီးသီးက မိမိတို့နိုင်ငံ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး အရှိန်အဟုန်ဖြင့် ကြိုးပမ်းနေကြသည်။ ဘဏ္ဍာရေးအရင်းအမြစ်၊ သဘာဝအရင်းအမြစ်နှင့် လူသားအရင်းအမြစ်များကို ပေါင်းစည်းခြင်းနည်းလမ်းများဖြင့် အားထုတ်နေကြခြင်းဖြစ်သည်။

နိုင်ငံခေတ်မီဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းရာတွင် ကိုယ့်ခွန်ကိုယ့်အားဖြင့် ရပ်တည်နိုင်မှသာ ရေရှည်ဖွံ့ဖြိုးတိုးတက်မည် ဖြစ်သည်။ ယင်းသို့ရပ်တည်နိုင်ရေးအတွက် နိုင်ငံသူ၊ နိုင်ငံသား အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူ့စွမ်းအားအရင်းအမြစ်စွမ်းရည်များ ဟန်ချက်ညီညီ ပေါင်းစည်းသွားကြရပေမည်။ ခေတ်သစ်စိန်ခေါ်မှုအမျိုးမျိုးကို ဖြေရှင်းကျော်လွှားနိုင်ရေး ရရှိပြီးသောဖွံ့ဖြိုးမှုအလားအလာကောင်းများကို ထိန်းသိမ်းဖော်ဆောင်ကြရမည်ဖြစ်သည်။

ဆရာ၊ ဆရာမများသည် ပြည်သူများ၏ ရင်သွေးငယ်ကျောင်းသား၊ ကျောင်းသူများကို နေ့စဉ်ပညာသင်ကြား လေ့ကျင့်ပေးနေကြသည်။မျိုးဆက်သစ်များမှတစ်ဆင့် အနာဂတ်နိုင်ငံတော်ကို ဖန်တီးပုံဖော်နေကြသူများဖြစ်သည်။ မြန်မာ့လူ့အဖွဲ့အစည်းသည် ရှေးနှစ်ပေါင်းများစွာကပင် ပညာရေးအခြေခံကောင်းများ ဖြစ်ထွန်းရှင်သန်လျက်ရှိသည်။ ပညာရပ်နယ်ပယ်စုံ၌ အရည်အသွေးမြင့်မားသည့် ပညာရှင်များပေါ်ထွက်လာရေး မွေးထုတ်ပေးခြင်းဖြင့် နိုင်ငံနှင့်လူမျိုး နိုင်ငံတကာနှင့်ရင်ပေါင်တန်း ရပ်တည်နိုင်ရေး စွမ်းဆောင်ပေးနိုင်မည်ဖြစ်သည်။

မြန်မာ့ပညာရေးမျှော်မှန်းချက်နှင့်အညီ အစဉ်လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းကို တည်ဆောက်ရာတွင် ဆရာ၊ ဆရာမတို့၏ အခန်းကဏ္ဍသည် များစွာအရေးပါသည်။ မျိုးဆက်သစ်လူငယ်များအား ကနဦးပုံဖော်ပေးရာတွင် ပညာထူးချွန်ထက်မြက်ရုံသာမက တပည့်များ၏ စိတ်ဓာတ်၊ အတွေးအမြင်၊ အလေ့အထကောင်းများရရှိရေး ပြုစုပျိုးထောင်ပေးကြရပေမည်။ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ရင့်သန်ခိုင်မာစေရေး အသိပညာပေးကြရမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွက်လာစေရေး ကြိုးပမ်းလျက်ရှိသကဲ့သို့ ဆရာအတတ်ပညာအရည်အသွေး တိုးတက်မြင့်မားစေရေး အစီအမံများကိုလည်း ချမှတ်ဖော်ဆောင်ပေးနေသည်။ ဆရာ၊ ဆရာမများအနေဖြင့် နိုင်ငံသူ၊ နိုင်ငံသားများ၏ လူမှုစီးပွားရေးဘဝအခြေခံများ တိုးတက်မြင့်မားရေး ကြိုးပမ်းချက်များ၊ အနာဂတ်ကို မျှော်မှန်းသည့် တိုင်းကျိုးပြည်ပြု ကြိုးပမ်းချက်များ၊ နိုင်ငံတော်သစ်တည်ဆောက်ရေးတွင် မိမိတို့ပါဝင်ထမ်းဆောင်ကြရမည့် တာဝန်များ ခံယူကျင့်သုံးလာနိုင်စေရေး သင်တန်းများပို့ချပေးလျက်ရှိသည်။

ဆရာ၊ ဆရာမများအားလုံးသည် မျိုးဆက်သစ်များ အနာဂတ်ဘဝရှင်သန် ဖွံ့ဖြိုးရေးရှေးရှုပြီး စာပေအတတ် ပညာ၊ အသိအလိမ္မာတိုးတက်အောင် စွမ်းဆောင်ပေးနေကြသည်။ မြတ်ဆရာတို့က အမျိုးသားရေး အသိအမြင် မြင့်မားအောင် ပြုစုပျိုးထောင်ပေးကြခြင်းဖြင့် နိုင်ငံအတွက် အားထားရသော ပညာရည်မြင့်မားသည့် သားကောင်းသမီးမွန်များ ဆက်လက်ပေါ်ထွက်လာနေမည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား	✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
	✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
	✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
	✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကယားပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဝင်းမြင့် ပညာရေးစုံညီပွဲတော် တက်ရောက်

နေပြည်တော် ဇန်နဝါရီ ၁၅

ကယားပြည်နယ် ပညာရေးစုံညီပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၃ ရက် နံနက်ပိုင်းတွင် လွိုင်ကော်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ အခမ်းအနားတွင် ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဝင်းမြင့်က အမှာစကားပြောကြားပြီး ပြည်နယ်ပညာရေးမှူးက စုံညီပွဲတော် ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုရရှိသူများအားဆုများ ပေးအပ်ချီးမြှင့်ကြပြီး အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပြည်နယ်ဥက္ကဋ္ဌသည် ကျောင်းသား၊ ကျောင်းသူများ၏ အကများဖြင့် ဖျော်ဖြေတင်ဆက်မှုများနှင့် ပညာရေးပြခန်းများကို ကြည့်ရှုအားပေးသည်။

ပြည်နယ်ဥက္ကဋ္ဌသည် ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းတွင်ကျင်းပသည့် (၆၃)နှစ်မြောက် လွပ်လပ်ရေးနေ့ အခမ်းအနားသို့ တက်ရောက်ပြီး (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာကိုဖတ်ကြားကာ လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပြိုင်ပွဲများ၌ ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကျောက်တံတားမြို့နယ် မီးသတ်စခန်း ညွှန်ကြားရေးမှူးချုပ် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၅

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုးသည် ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် မီးသတ်တပ်ဖွဲ့စခန်း၌ ကြည့်ရှုစစ်ဆေးပြီး**(ဝဲပုံ)** တပ်ဖွဲ့၏ အဓိကတာဝန်ကြီး(၅)ရပ်မှ မြန်မြန်သိ၊ မီးလောင်ပြင်သို့ မြန်မြန်ရောက်၊ မြန်မြန်ငြိမ်းသတ်နိုင်ရေးအတွက် အစီအမံများ ပြုလုပ်ဆောင်ရွက်ထားကြရန်နှင့် မီးလောင်မှုကို မြန်မြန်သိနိုင်ရေးအတွက် မိမိတာဝန်ယူရသည့် နယ်မြေအတွင်း ဆက်သွယ်ရေးစနစ်များ ကောင်းမွန်ရေး တည်ဆောက်ထားရှိရန်၊ မီးလောင်ပြင်သို့ မြန်မြန်သွားရောက်နိုင်ရေးအတွက် သင့်(၄)သင့်ဖြစ်သော ယာဉ်/စက်အသင့်၊ လူအသင့်၊ ရေအသင့်၊ ဆီအသင့်ရှိနေစေရေးအတွက် ဆောင်ရွက်ထားကြရန်၊ မီးကိုမြန်မြန် ငြိမ်းသတ်နိုင်ရေးအတွက် မီးသတ်ပညာရပ်များ၊ မီးသတ်ယာဉ်/စက်နှင့်မီးသတ်ပစ္စည်း ကိရိယာအသုံးပြုနည်းများ ပိုမိုကျွမ်းကျင်စွာ အသုံးပြုနိုင်ရေးအတွက် အမြဲလေ့ကျင့်ရန်၊ လေ့ကျင့်မှုများ ပြုလုပ်ရာတွင် အသားတကျဖြစ်အောင် အရန်မီးသတ်တပ်ဖွဲ့ဝင်များကိုပါ လေ့ကျင့်ပေးရန်၊ မီးသတ်ယာဉ်/စက်လေ့ကျင့်ခန်းများကို နေ့စဉ်/အပတ်စဉ် ဆောင်ရွက်ထားကြရန်၊ မီးငြိမ်းသတ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မီးသတ်တပ်ဖွဲ့ဝင်များ၏ ရဲဝံ့စွန့်စားသည့် စိတ်ဓာတ်ကို အမြဲထိန်းသိမ်းထားရှိရန်၊ မိမိဒေသအတွင်းရှိ တပ်ဖွဲ့ဝင်များအား အမြဲထိတွေ့ပြီး လိုအပ်ချက်များ ကူညီပံ့ပိုးခြင်း၊ လိုအပ်ချိန်တွင် အသင့်စုစည်းနိုင်ရေးအတွက် စီမံဆောင်ရွက်ထားကြရန်နှင့် တပ်ဖွဲ့ဝင်များ စိတ်ဓာတ်၊ စည်းကမ်း၊ စွမ်းရည်စည်းရုံးမှုရှိစေရေး၊ မီးဘေးလုံခြုံရေး စီမံချက်ပါအတိုင်း ဇာတ်တိုက် လေ့ကျင့်ထားရှိရေး၊ မိသားစုလိုင်းခန်းများ သန့်ရှင်းသာယာလှပရေးနှင့် အဆောက်အအုံများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ထိန်းသိမ်းစောင့်ရှောက်သွားရေးတို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဘုရင့်နောင်ဈေးကြီး၌ သွေးလှူဒါန်းပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၅

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဈေးများဌာနအောက်ရှိ မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ဈေးကြီးတွင် ဈေးသာယာရေးအဖွဲ့က ကြီးမှူး၍ (၁၂)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲကို အဆိုပါဈေးကြီး မင်္ဂလာမဏ္ဍပ်၌ ဇန်နဝါရီ ၈ ရက်က ကျင်းပရာ **(ယာပုံ)** ဈေးသူ၊ ဈေးသားများမှ အမျိုးသားသွေးလှူဘဏ်သို့ သွေးပုလင်းပေါင်း ၃၃၈ ပုလင်းနှင့် စုစုပေါင်း လှူဒါန်းငွေကျပ် ၁၆၇၆၈၀၀ ကို လှူဒါန်းခဲ့သည်။

ဘုရင့်နောင်ဈေးကြီး ဈေးသာယာရေးအဖွဲ့ သွေးလှူဒါန်းပွဲကော်မတီအနေဖြင့် ယခု(၁၂)ကြိမ်အထိ သွေးပုလင်းပေါင်း ၃၅၉၇ နှင့် ငွေကျပ် ၂၃၁ သိန်းသုံးသောင်းကျော်အထိ အမျိုးသားသွေးလှူဘဏ်သို့ လှူဒါန်းနိုင်ခဲ့ပြီး သွေးလှူပွဲကို ဇွန်လအတွင်း ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

မီးဘေးကြိုတင်ကာကွယ်

တာမွေမြို့နယ် မအူကုန်းရပ်ကွက် ဥက္ကဋ္ဌ ဦးအောင်ထွန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ် အရန်မီးသတ်တပ်ရင်း ဒုတိယတပ်ရင်းမှူး ဦးမြဲအောင် ဦးဆောင်သောတပ်ဖွဲ့ဝင်များ ဒီဇင်ဘာ ၁၈ ရက်က မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးစစ်ဆေးရေးပြုလုပ်စဉ်။

(မြို့နယ်မီးသတ်)

စင်ကာပူနိုင်ငံ Changi ဆေးရုံမှ အသည်းရောဂါ အထူးကုဆရာဝန်များ အသည်းကင်ဆာအကြောင်း ဆွေးနွေးဟောပြောမည်

နေပြည်တော် ဇန်နဝါရီ ၁၅

စင်ကာပူအစိုးရလက်အောက်ရှိ အကြီးဆုံးသော ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းစုကြီးဖြစ်သည့် SingHealth အဖွဲ့ဝင် Changi အထွေထွေကုဆေးရုံကြီးမှ အစာအိမ်နှင့် အူလမ်းကြောင်းရောဂါအထူးကုသမားတော်ကြီး Prof: Teo Eng Kiong နှင့် အသည်းရောဂါခွဲစိတ်အထူးကု ဆရာဝန်ကြီး Prof: Salleh Bin Ibrahim တို့သည် အသည်းကင်ဆာရောဂါ ခေတ်မီကုထုံးအမျိုးမျိုးကို မြန်မာနိုင်ငံ၌ လာရောက်ဆွေးနွေးဟောပြောမည်ဟု သိရသည်။

ဟောပြောပွဲကို ဇန်နဝါရီ ၂၂ ရက်တွင် မန္တလေးမြို့ Mandalay Hill Resort Hotel ၌ လည်းကောင်း၊ ဇန်နဝါရီ ၂၃ ရက်တွင် ရန်ကုန်မြို့ Traders Hotel ၌လည်းကောင်း စီစဉ်ကျင်းပမည်ဖြစ်၍ တက်ရောက်လိုသူများအနေဖြင့် ကြိုတင် စာရင်းပေးသွင်းနိုင်ကြောင်း၊ ၂၂ ရက် ညနေပိုင်းနှင့် ၂၃ ရက် နံနက်ပိုင်းတို့တွင် ရောဂါနှင့်ပတ်သက်၍ စင်ကာပူမှဆရာဝန်ကြီးနှစ်ဦးနှင့် အခမဲ့ ဆွေးနွေးတိုင်ပင်နိုင်ရန် Care Forever Services Co.,Ltd. ရန်ကုန်မြို့ ဖုန်း - ၀၁-၇၃၁၁၃၀၉၂၊ ၀၉-၅၁၆၆၂၄၀ နှင့် မန္တလေးမြို့ ဖုန်း-၀၉-၈၆၂၅၄၄၃ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမောင်မောင်စိုး ခေါင်းဆောင်သော အလုပ်အမှုဆောင်အဖွဲ့ဝင်များ ရေလုပ်ငန်းဆိုင်ရာကိစ္စရပ်များ လေ့လာရန် ဒီဇင်ဘာ ၁၉ ရက် ညနေပိုင်းက ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့သို့ လေကြောင်းခရီးဖြင့် မထွက်ခွာမီ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်သူများနှင့်အတူ တွေ့ရစဉ်။

(ကြေးမုံ)

သာကေတမြို့နယ် အမက(၂၁)၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၈ ရက်က အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ ဒုတိယတန်း (B)မှ ဘာသာစုံ ပထမဆုနှင့် မြန်မာစာ ဘာသာရပ်ထူးချွန်ဆုရရှိသော မောင်ကောင်းထက်အောင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်သိန်းမြင့် ဆုချီးမြှင့်စဉ်။

(ပညာရေး)

*** ရှေ့ဖုံးမှ**

ယင်းနောက် ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် တံတားဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ယင်းနောက် ဝန်ကြီး ဦးခင်မောင်မြင့်၊ ဝန်ကြီး သူရဦးမြင့်မောင်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးတင့်ဆွေနှင့် ဦးမြင့်သိန်းတို့က တံတားကြီးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ တိုင်းမှူးက ကျွဲရှင်းတံတား ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တိုင်းမှူး၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကာ တံတားကြီးပေါ် ဖြတ်သန်းကြည့်ရှုကြသည်။

ဝန်ကြီး ဦးခင်မောင်မြင့်၊ ဝန်ကြီး သူရဦးမြင့်မောင်၊ ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် ဦးတင့်ဆွေနှင့် ဦးမြင့်သိန်းတို့ ကျွဲရှင်းတံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။

(သတင်းစဉ်)

တိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင်အေး၊ ဝန်ကြီး ဦးခင်မောင်မြင့်၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးတင့်ဆွေနှင့် ဦးမြင့်သိန်းတို့ နေပြည်တော်-တောင်ညို-ချောင်းနက်-တောင်တွင်းကြီးလမ်း(ငန်းစပ်-ကျွဲရှင်းအပိုင်း) လေးလမ်းသွား ကတ္တရာလမ်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။

(သတင်းစဉ်)

ကျွဲရှင်းတံတား အမျိုးအစားမှာ အပေါ်ထည် သံပေါင်ရက်မ ကွန်ကရစ်ကြမ်းခင်းတို့ဖြစ်ပြီး အောက်ထည် သံကူကွန်ကရစ် လွန်တူးဘိုးပိုင်တို့ဖြင့် တည်ဆောက်ထားကာ စုစုပေါင်းတံတားအရှည်ပေ ၁၈၀၊ ယာဉ်သွားလမ်းအကျယ် ၄၈ ပေ၊ ယာဉ်လေးလမ်းသွားနှင့် လူသွားလမ်း တစ်ဖက်လျှင် ငါးပေစီ ပါရှိသည်။ ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ တန် ၆၀ ဖြစ်သည်။ ယခုဖွင့်လှစ်သည့် ကျွဲရှင်းတံတားမှာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ယူ တည်ဆောက်ပေးခဲ့သည့် ပေ ၁၈၀ အထက်တံတား ၂၅၂ စင်းမြောက်ဖြစ်ပြီး မန္တလေးတိုင်းဒေသကြီးအနေဖြင့် ၁၄ စင်းမြောက် တည်ဆောက်ဖွင့်လှစ်ပေးခဲ့သည့် တံတားဖြစ်သည်။

ကျွဲရှင်းတံတားကို ဖွင့်လှစ်ပေးသည့်အတွက် နေပြည်တော်-တောင်ညို-ချောင်းနက် - တောင်တွင်းကြီးလမ်းနှင့် အသစ် ဖောက်လုပ်လျက်ရှိသည့် နေပြည်တော် - တောင်ညို - မြို့သစ်-ကန်ပြား(မကွေး)လမ်းများမှ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့သို့ ကွန်ရက်သဖွယ် ယှက်သွယ်ဖောက်လုပ်ထားသည့် လမ်းများမှတစ်ဆင့် ဒေသထွက်ကုန်များကို အလွယ်တကူ သယ်ယူပို့ဆောင်နိုင်တော့မည်ဖြစ်သကဲ့သို့ ဒေသ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး ကဏ္ဍများတွင်လည်း အဘက်ဘက်မှ ပိုမိုဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

နေပြည်တော်-တောင်ညို-ချောင်းနက်-တောင်တွင်းကြီးလမ်း(ငန်းစပ်-ကျွဲရှင်းအပိုင်း) လေးလမ်းသွား ကတ္တရာလမ်း လမ်းပိုင်းတစ်နေရာကို တွေ့ရစဉ်။

(သတင်းစဉ်)

မြစ်ကိုမြင်လျှင်
တံတားဆင်
ပြည်ခွင်သာဖို့
လမ်းခင်းစို့

ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ ကျင်းပပြီးစီး အကောင်းဆုံးသုတေသနစာတမ်း လေးစောင်ကို ဆုပေးအပ်

သတင်းနှင့် ဓာတ်ပုံ
ရဲဝင်းဆောင်၊ အေးမင်း

ကျန်းမာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ ၂၀၁၀ ကို ရန်ကုန်မြို့ ဒဂုံမြို့နယ် ဇီဝကလမ်းရှိ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)၌ ဇန်နဝါရီ ၁၀ ရက်မှ ၁၄ရက်ထိ ငါးရက်ကြာ ကျင်းပခဲ့ပြီးနောက် ယင်းအခမ်းအနားတွင် ဖတ်ကြားတင်သွင်းခဲ့သည့် သုတေသနဆိုင်ရာစာတမ်းများ အနက်မှ အကောင်းဆုံးစာတမ်း လေးစောင်ကို ရွေးချယ်၍ ဆုပေးအပ်ခဲ့သည်။

ဆုရရှိခဲ့သည့် စာတမ်းလေးစောင်မှာ အကောင်းဆုံးအခြေခံသုတေသန စာတမ်းဆုကို **'မြန်မာပြည်တွင်ထုတ်လုပ်သော အာတီမစ်စနင်းပါဝင်သည့် ငှက်ဖျားရောဂါကုပေါင်းစပ်ဆေး ပိုင်ရာမစ်စနင်း (PIPERAMISININ)ကို ပလပ်စမိုဒီယမ်ဖယ်လစီပိရမ် ငှက်ဖျားပိုးဝင်နေသော ငှက်ဖျားရောဂါလူနာများအား တိုက်ကျွေးပြီးနောက် ကိုယ်ခန္ဓာအတွင်းရောက်ရှိနေသော ပိုင်ပါရာကွင်းဆေးပမာဏ၏ တိုင်းတာမှုအမျိုးမျိုးနှင့် ဆေး၏ အာနိသင်သက်ရောက်မှုကို နှိုင်းနှိုင်းဆက်စပ်မှုကို လေ့လာခြင်း'** စာတမ်းကို ပြုစုခဲ့သူ ဒေါက်တာမာလာမြင့် ဦးဆောင်သည့်အဖွဲ့က လည်းကောင်း၊ အကောင်းဆုံးလက်တွေ့အသုံးချ သုတေသနစာတမ်းဆုကို **'မြန်မာနိုင်ငံရှိ အဝေးပြေးကားမောင်းသူများတွင် ကုသ၍ပျောက်ကင်းနိုင်သည့် လိင်မှတစ်ဆင့် ကူးစက်သောရောဂါများ၊ နှိုင်းနှိုင်းသည့် အချက်အလက်များနှင့် ဂနိုရီးယားရောဂါပိုးပေါ်တွင် ပဋိဇီဝဆေးအာနိသင်ရှိမှုကို လေ့လာခြင်း'** စာတမ်းကို ပြုစုခဲ့သူ ဒေါက်တာဝါဝါအောင် ဦးဆောင်သည့်အဖွဲ့က လည်းကောင်း၊ အကောင်းဆုံး ကျန်းမာရေးစနစ်သုတေသနစာတမ်းဆုကို **'ရေရှည်တည်တံ့ခိုင်မြဲမှုကို ဦးတည်သည့် အသုံးချသုတေသန၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဥက္ကံမြို့နယ်အတွင်း သက်တူရွယ်တူ လူငယ်မှတစ်ဆင့် လူငယ်သို့ ကျန်းမာရေးအသိပညာပေးခြင်းသုတေသန'** စာတမ်းကိုပြုစုခဲ့သူ ဒေါက်တာကြူကြူသန်း ဦးဆောင်သည့်အဖွဲ့က လည်းကောင်း၊ အကောင်းဆုံး ပိုစတာဆုကို **'ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်တွင် ခြောက်သွေ့ရာသီအတွင်း သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားစေခဲ့သောအကြောင်းအရင်းများ'** ခေါင်းစဉ်ဖြင့်တင်သွင်းခဲ့သည့် ဒေါက်တာဖေသန်းထွန်း ဦးဆောင်သည့်အဖွဲ့က လည်းကောင်း အသီးသီး ရရှိသွားခဲ့သည်။

သုတေသနစာတမ်းများနှင့်ပတ်သက်ပြီး ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးခင်က "ဒီနှစ်စာတမ်းနဲ့ ပိုစတာများကို သုံးသပ်ကြည့်မယ်ဆိုရင် သုတေသီများအနေနဲ့ ပိုမိုစနစ်ကျအောင်ကြိုးစားအားထုတ်ထားတာကို တွေ့ရမှာဖြစ်ပါတယ်။ သုတေသီကောင်းတစ်ယောက်အတွက် သုတေသနလုပ်ငန်းကို စနစ်တကျလုပ်ဆောင်နိုင်ဖို့လိုသလို သုတေသနရလဒ်များကို အခြားသုတေသီများကိုဖြစ်စေ၊ စီမံခန့်ခွဲမှုဆိုင်ရာ စီမံကိန်းမန်နေဂျာ၊ မူဝါဒချမှတ်သူများ အစရှိသူများကိုဖြစ်စေ ပြန်လည်ဖြန့်ဖြူးတင်ပြဖို့လည်း လိုအပ်ပါတယ်။ ပိုပြီးအရေးကြီးတာက ပြည်သူလူထု Community ထဲအထိရောက်ပြီး သုတေသနရလဒ်မှသည် အသုံးချသုတေသနအဖြစ်ရောက်ရှိဖို့ အထူးလိုအပ်လှပါတယ်။ အဲဒီအဆင့်အထိရောက်အောင်လည်း သုတေသီများအနေနဲ့ USER FRIENDLY version များကို ထွက်ပေါ်လာအောင် ဝိုင်းဝန်းကြိုးပမ်းကြစေလိုပါကြောင်း မှာကြားလိုပါတယ်။ Symposium ပိုင်းအနေနဲ့လည်း ကဏ္ဍများစုံလင်အောင် ကြိုးစားအားထုတ်ခဲ့ကြတာတွေ့ရပါတယ်။ ပြည်တွင်းပညာရှင်များသာမက ပြည်ပပညာရှင်များပါ ပါဝင်တက်ရောက် ဆွေးနွေးခဲ့တဲ့အတွက် လွန်စွာအကျိုးရှိတဲ့ သုတေသနဆိုင်ရာအချက်အလက်များရရှိကြမယ်လို့လည်း ယုံကြည်ပါတယ်"ဟု မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ ပိတ်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားရာ၌ ထည့်သွင်းပြောကြားသည်။

ထို့အပြင် လူငယ်သုတေသီဆုများကိုလည်း ရွေးချယ်ပေးအပ်ခဲ့ရာ အခြေခံသုတေသနစာတမ်း၊ လက်တွေ့အသုံးချသုတေသနစာတမ်း၊ ကျန်းမာရေးစနစ်သုတေသနစာတမ်းဟူ၍ အမျိုးအစားအလိုက်ပေးအပ်ခဲ့သည်။

ယခုနှစ်တွင် ကျင်းပသည့် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ၌ သုတေသနစာတမ်း ၉၄ စောင်ကို တင်သွင်းဖတ်ကြားခဲ့ပြီး ပိုစတာ ၂၀ ကို ပြသခဲ့သည်။

ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးခင် အမှာစကားပြောကြားစဉ်။

အကောင်းဆုံး အခြေခံသုတေသနစာတမ်းဖြင့် ဆုရရှိသူ ဒေါက်တာမာလာမြင့် ဆုယူစဉ်။

လူငယ်သုတေသီဆု အခြေခံသုတေသနစာတမ်းဖြင့် ဆုရရှိသူ ဒေါက်တာဖြူဝင်းအိ ဆုယူစဉ်။

ဆာဘာရီမာလာဘုရားကျောင်း အရှေ့မြောက်ဘက် လူအုပ်ပြိုမှု ဖြစ်ပွားရာနေရာကို တွေ့ရစဉ်။

အိန္ဒိယဘာသာရေးပွဲတော် လူအုပ်ပြိုမှု ၁၀၂ ဦး သေဆုံး

ကိုချီ ဇန်နဝါရီ ၁၅

အိန္ဒိယနိုင်ငံ၏ အထင်ရှားဆုံးဘာသာရေးပွဲတော်တစ်ခုမှ ပြန်လာကြသော ဘုရားဖူးလူအုပ်ကြီးအတွင်း ယာဉ်မတော်တဆမှုတစ်ရပ် ဖြစ်ပွားရာမှစ၍ လူအုပ်ပြိုမှုဖြစ်ပွားခဲ့ရာ လူ ၁၀၂ ဦးသေဆုံးပြီး ၄၄ ဦးဒဏ်ရာ ရခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက ယနေ့ပြောကြားသည်။

လူအုပ်ပြိုမှုဖြစ်စဉ်သည် အိန္ဒိယနိုင်ငံတောင်ပိုင်း ကာရာလာပြည်နယ်၌ ဇန်နဝါရီ ၁၄ ရက် ညပိုင်းတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ကာရာလာပြည်နယ်အတွင်းရှိ ဆာဘာရီမာလာတောင်ထိပ်ဘုရားကျောင်းတွင် ဝတ်ပြုဆုတောင်းပြီးနောက် ကျဉ်းမြောင်းသော တောလမ်းတစ်ခုအတိုင်း လမ်းလျှောက်ပြန်လာသော ဘုရားဖူးလူအုပ်ကြီးအတွင်းသို့ ဘုရားဖူးအုပ်စုတစ်စုကို တင်ဆောင်လာသည့် ဂျစ်ကားတစ်စီး မောင်းဝင်လာရာမှအစပြု၍ လူအုပ်ပြိုမှုစတင်ခဲ့ကြောင်း သိရသည်။

ဒဏ်ရာရသူအားလုံးကို ဆေးရုံသို့ တင်ပို့ထားပြီး အချို့မှာ အသက်ဘေး စိုးရိမ်ဖွယ်ရာ အခြေအနေရှိကြောင်း ဒေသန္တရ ရဲတပ်ဖွဲ့ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဟိန္ဒူနတ်ဘုရားတစ်ပါး၏ အထိမ်းအမှတ်အဖြစ် တည်ထားသော ဆာဘာရီမာလာ ဘုရားကျောင်းသည် နှစ်စဉ်နှစ်တိုင်း နှစ်လကြာ ဘုရားပွဲတော် ကျင်းပလေ့ရှိပြီး ဘုရားဖူးသန်း ၅၀ မျှ လာရောက်လေ့ရှိသည်။

လူအုပ်ပြိုမှုဖြစ်ပွားခဲ့သည့် ဇန်နဝါရီ ၁၄ ရက်သည် ပွဲတော်ပိတ်သိမ်းမှု အခမ်းအနားနေ့ဖြစ်ပြီး အခင်းဖြစ်ပွားချိန်တွင် ကျဉ်းမြောင်းသော တောလမ်းပေါ်၌ ဘုရားဖူးခရီးသည် ၁၅၀၀၀၀မျှ ရှိနေသည်ဟု ခန့်မှန်းရသည်။ **အေပီ။**

နီပေါဆိုင်ရာ ကုလသမဂ္ဂမစ်ရှင်အဖွဲ့ လုပ်ငန်းတာဝန်များ ပြီးဆုံးအောင်မြင်

ခတ္တမန္ဒူ ဇန်နဝါရီ ၁၅

နီပေါနိုင်ငံ၏ ပြည်တွင်းစစ် ခေတ်လွန်ကာလ အသွင်ကူးပြောင်းရေးလုပ်ငန်းကို ကြီးကြပ်ကွပ်ကဲရန် တာဝန်ယူဆောင်ရွက်ခဲ့သော ကုလသမဂ္ဂမစ်ရှင်အဖွဲ့သည် ဇန်နဝါရီ ၁၅ ရက်တွင် ယင်း၏လုပ်ငန်းတာဝန်ကို အဆုံးသတ်လိုက်ပြီဖြစ်ကြောင်း ကုလသမဂ္ဂ၏ ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

နီပေါနိုင်ငံရှိ ကုလသမဂ္ဂမစ်ရှင်ရုံးပိတ်သိမ်းမှု အခမ်းအနားတစ်ရပ်ကို မြို့တော် ခတ္တမန္ဒူတွင် ကျင်းပခဲ့သည်။

နီပေါနိုင်ငံဆိုင်ရာ ကုလသမဂ္ဂမစ်ရှင်ရုံးကို ၂၀၀၇ ခုနှစ်တွင် ထူထောင်ခဲ့သည်။ နီပေါနိုင်ငံတွင် ကွန်မြူနစ် သူပုန်များနှင့် အစိုးရတပ်ဖွဲ့များအကြား ၁၀ နှစ်ကြာမျှ တိုက်ခိုက်ခဲ့ကြပြီးနောက် ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၂၃ ရက်တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အမှတ် ၁၇၄၀ အရ နီပေါဆိုင်ရာ ကုလသမဂ္ဂမစ်ရှင်အဖွဲ့ကို ဖွဲ့စည်းရန်ခွင့်ပြုပေးခဲ့သည်။

၂၀၁၀ ခုနှစ် စက်တင်ဘာလတွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီက နီပေါဆိုင်ရာ ကုလသမဂ္ဂမစ်ရှင်အဖွဲ့၏ သက်တမ်းကို ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၁၅ ရက်အထိ တိုးချဲ့ရန် ညွှန်ကြားခဲ့သည်။

နီပေါပြည်တွင်းစစ်တွင် လူပေါင်း ၁၆၀၀၀ ထက်မနည်း သေဆုံးခဲ့ရသည်။

နီပေါနိုင်ငံတွင် ၂၀၀၆ ခုနှစ်က အစိုးရနှင့် ကွန်မြူနစ်သူပုန်များ ငြိမ်းချမ်းရေးသဘောတူညီချက်ရရှိခဲ့သည်။ သို့ရာတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အကောင်အထည်ဖော်မှုမှာ နှောင့်နှေးကြန့်ကြာမှုများ တွေ့ကြုံခဲ့ရသည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အရ ကွန်မြူနစ်သူပုန်ဟောင်း တပ်ဖွဲ့ဝင် ၁၉၀၀၀ ကို အစိုးရ၏ လုံခြုံရေးတပ်ဖွဲ့ တပ်ဖွဲ့ဝင်များအတွင်းသို့ အသွင်ပြောင်း လွှဲပြောင်းပေးအပ်ခဲ့သည်။ **အင်တာနက်။**

နီပေါနိုင်ငံဆိုင်ရာ ကုလသမဂ္ဂမစ်ရှင်ရုံး ပိတ်သိမ်းမှု အခမ်းအနားကို မြို့တော်ခတ္တမန္ဒူ၌ ဇန်နဝါရီ ၁၅ ရက်ကကျင်းပစဉ်။

အကျဉ်းထောင်မှ လွတ်မြောက်ခဲ့သော အကြမ်းဖက်သမားများ အဖြစ် သံသယရှိသူများကို ပိတ်ဆို့ရှာဖွေနေသော အီရတ် ရဲတပ်ဖွဲ့ဝင်များအား မိုဆူးလ်မြို့ တစ်နေရာ၌ ဇန်နဝါရီ ၁၄ ရက်က တွေ့ရစဉ်။

အီရတ်အကျဉ်းထောင်တစ်ခုမှ အကျဉ်းသားများ ရဲတပ်ဖွဲ့ဝတ်စုံများဝတ်ဆင်ပုံဖျက်၍ ထွက်ပြေးလွတ်မြောက်

ဘဂ္ဂဒက် ဇန်နဝါရီ ၁၅ - အီရတ်နိုင်ငံ အကျဉ်းစခန်းတစ်ခု၌ ထိန်းသိမ်းထားသော အကြမ်းဖက်သမားများအဖြစ်ယူဆရသူ အကျဉ်းသား ၁၂ ဦးသည် အီရတ်ရဲတပ်ဖွဲ့ဝတ်စုံများကို ဝတ်ဆင်ပုံဖျက်ကာ ဇန်နဝါရီ ၁၄ ရက်တွင် အကျဉ်းထောင်မှ ထွက်ပြေးလွတ်မြောက်ခဲ့ကြောင်း သိရသည်။

ဎင်းအကျဉ်းသားများကို အယ်လ်ခိုင်ဒါအကြမ်းဖက်ကွန်ရက်နှင့် ပတ်သက်မှုရှိသော အန္တရာယ်ကြီးသည့် အုပ်စုအဖြစ် သတ်မှတ်ထားရာ အာဏာပိုင်များက ၎င်းတို့ကို မြေလှန် ရှာဖွေလျက်ရှိကြောင်း သတင်းတွင် ဖော်ပြသည်။

လွတ်မြောက်ခဲ့သော အကျဉ်းသားများအနက် အနည်းဆုံး နှစ်ဦးသည် အီရတ်နိုင်ငံတောင်ပိုင်းနယ်စပ်နှင့် ကူဝိတ်နိုင်ငံအကြားရှိ အမေရိကန်စစ်ဘက် အကျဉ်းထောင်ဖြစ်သော ကမ့်ဘက်ကာအကျဉ်းစခန်း၌ ထိန်းသိမ်းခံရဖူးသူများ ဖြစ်သည်။

လွတ်မြောက်သွားသော အကျဉ်းသား ၁၂ ဦးကို အီရတ်နိုင်ငံတောင်ပိုင်း ဘာဆရာမြို့ရှိ ဆက်ဒမ်ဟူစိန်၏ နန်းတော်ဟောင်းတစ်ခု၌ ယာယီပြုလုပ်ထားသော ထိန်းသိမ်းရေးစခန်းတစ်ခု၌ ချုပ်နှောင်ထားခြင်းဖြစ်သည်။ ၎င်းတို့ကို တရားဥပဒေအရ စီရင်ဆုံးဖြတ်ရန် စီစဉ်နေဆဲတွင် ထွက်ပြေးလွတ်မြောက်ခဲ့ခြင်းဖြစ်သည်။

အီရတ်ရဲတပ်ဖွဲ့ဝတ်စုံများကို ၎င်းတို့ မည်သို့မည်ပုံရရှိခဲ့သည်ကို ကွဲကွဲပြားပြားမသိရသေးကြောင်း သတင်းတွင် ဖော်ပြသည်။

အဆိုပါ အကျဉ်းသားများ လွတ်မြောက်ခဲ့ရာတွင် အတွင်းလူများ၏ ကူညီစောင်မမှု ပါ၊ မပါကို အာဏာပိုင်များက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ထောက်လှမ်းရေးတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ **အေပီ။**

အာဂျင်တီးနားသမ္မတ၏ ခရီးစရိတ်ငွေများ ဓားပြအတိုက်ခံရ

ဗျူနိုအေးရိစ် ဇန်နဝါရီ ၁၅

အာဂျင်တီးနားသမ္မတ ခရစ္စတီနာဖာနန်ဒက်ဇ်၏ အရှေ့အလယ်ပိုင်းဒေသ ခရီးစဉ်တွင် သုံးစွဲမည့်ငွေကြေးများကို ဓားပြများက လုယက်ယူဆောင်သွားခဲ့ကြောင်း ဇန်နဝါရီ ၁၃ ရက် သတင်းများတွင် ဖော်ပြထားသည်။

သမ္မတ ခရစ္စတီနာဖာနန်ဒက်ဇ်၏ ခရီးစရိတ်ငွေများကို အာဂျင်တီးနားအစိုးရ တာဝန်ရှိသူတစ်ဦးက ဘဏ်မှထုတ်ကာ လက်ဆွဲသေတ္တာထဲထည့်ယူသယ်ဆောင်၍ ၎င်း၏အိမ်သို့ သွားရောက်စဉ် ဗျူနိုအေးရိစ်မြို့တွင်းရပ်ကွက်တစ်ခု၌ သေနတ်သမားသုံးဦးက ကြားဖြတ်လုယက်ခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

သမ္မတ၏ ခရီးစရိတ်ငွေကြေးများကို တိုက်ခိုက်လုယက်မှု ဖြစ်ပွားခဲ့ကြောင်း အာဂျင်တီးနားအစိုးရ တာဝန်ရှိသူတစ်ဦးက အတည်ပြုခဲ့သော်လည်း ဓားပြများလက်သို့ပါသွားသော ငွေကြေးပမာဏကို ထုတ်ဖော်ပြောကြားခြင်းမရှိပေ။

သမ္မတ ခရစ္စတီနာဖာနန်ဒက်ဇ်၏ ခရီးစရိတ်ကို ထုတ်ယူလာသူ တာဝန်ရှိသူသည် အမေရိကန်ဒေါ်လာ ၆၈၀၀၀ နှင့် ယူရိုငွေ ၁၇၀၀၀ ကို သယ်ဆောင်လာကြောင်း ဒေသန္တရသတင်းမီဒီယာများက ပြောကြားသည်။

ငွေထုတ်ယူသူ တာဝန်ရှိသူသည် သမ္မတ၏ ခရီးစဉ်မတိုင်မီ အဘယ်ကြောင့်ငွေများထုတ်ယူခဲ့သည်နှင့် ယင်းငွေများကို ၎င်း၏အိမ်သို့ အဘယ်ကြောင့် ယူဆောင်သွားရသည်ကို အာဂျင်တီးနားရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးလျက်ရှိသည်။

ငွေကြေးများ ထုတ်ယူသယ်ဆောင်လာမှုကို တစ်စုံတစ်ဦးက ဓားပြများအား လက်ထောက်ချခဲ့ကြောင်း အာဂျင်တီးနားရဲတပ်ဖွဲ့က ယုံကြည်ထားသည်။

အာဂျင်တီးနားသမ္မတ ခရစ္စတီနာဖာနန်ဒက်ဇ်သည် နိုင်ငံခြားဆက်ဆံရေးနှင့် ကုန်သွယ်ရေးကဏ္ဍမြှင့်တင်ရန် ကူဝိတ်၊ ကာတာနှင့် တူရကီနိုင်ငံများသို့ ဇန်နဝါရီ ၁၆ ရက်တွင် သွားရောက်မည်ဖြစ်သည်။ **အေပီ။**

အီရန် နျူအဆောက်အအုံများကို နိုင်ငံတကာကိုယ်စားလှယ်များ သွားရောက်လေ့လာ

တီဟီရန် ဇန်နဝါရီ ၁၅

အီရန်နိုင်ငံသည် ၎င်း၏ နျူကလီးယားအဆောက်အအုံနှစ်ခုကို ပြည်ပသံတမန်များအား ယနေ့ ဝင်ရောက်လေ့လာကြည့်ရှုခွင့်ပေးခဲ့ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

နျူကလီးယား အဆောက်အအုံများကို နိုင်ငံတကာကိုယ်စားလှယ်အဖွဲ့အား ဝင်ရောက်လေ့လာခွင့်ပြုခဲ့ခြင်းဖြင့် ၎င်း၏ နျူကလီးယားအစီအစဉ်နှင့် ပတ်သက်၍ ကမ္ဘာ့အင်အားကြီးနိုင်ငံများနှင့် ဆွေးနွေးရာတွင် အထောက်အကူဖြစ်စေရန် အီရန်က မျှော်လင့်ထားသည်ဟု ဆိုသည်။

အီရန်နိုင်ငံအလယ်ပိုင်းရှိ အာရက်ခ်ရေလေးဓာတ်ပေါင်းဖိုနှင့် နေတန့်ဇ်ဒေသရှိ ယူရေနီယံသန့်စင်စက်ရုံတို့ကို ကြည့်ရှုလေ့လာမည့် နိုင်ငံတကာကိုယ်စားလှယ်အဖွဲ့၏ နှစ်ရက်ကြာခရီးစဉ်တွင် အီရန်နိုင်ငံ၏ အဓိက မဟာမိတ်များဖြစ်သော တရုတ်နှင့် ရုရှားနိုင်ငံတို့မှ ကိုယ်စားလှယ်များ ပါဝင်ခဲ့ခြင်း မရှိပေ။ ယင်းအပြင် ဥရောပသမဂ္ဂကလည်း အီရန်နိုင်ငံ၏ ဖိတ်ခေါ်မှုကို ငြင်းပယ်ခဲ့သည်။

အီရန်နိုင်ငံသည် ၎င်း၏ နျူကလီးယား အဆောက်အအုံများသို့ လာရောက်လေ့လာရန် ဆွစ်ဇာလန်နိုင်ငံ ဗီယင်နာမြို့အခြေစိုက်နိုင်ငံတကာ အဏုမြူ စွမ်းအင်အေဂျင်စီ (အိုင်အေအီးအေ)နှင့် ဥရောပသမဂ္ဂ၏ အလှည့်ကျဥက္ကဋ္ဌ ဟန်ဂေရီနိုင်ငံမှ ကိုယ်စားလှယ်များကိုလည်း ဖိတ်ခေါ်ခဲ့သည်။

သို့ရာတွင် အမေရိကန်ပြည်ထောင်စု၊ ပြင်သစ်နှင့် ဗြိတိန်တို့ကိုမူ ဖိတ်ခေါ်ခဲ့ခြင်းမရှိကြောင်း သံတမန်သတင်းရပ်ကွက်များက ပြောကြားသည်။

အိုင်အေအီးအေ၏ သံတမန်များဖြစ်သော အီဂျစ်၊ ကျူးဘား၊ ဆီးရီးယား၊ အယ်လ်ဂျီးရီးယား၊ ဗင်နီဇွဲလား၊ အိုမင်နှင့် အာရပ်နိုင်ငံများအဖွဲ့ချုပ်တို့မှ ကိုယ်စားလှယ်များသည် တီဟီရန်မြို့သို့ ယနေ့နံနက်ပိုင်း၌ ရောက်ရှိခဲ့ပြီး အာရက်ခ်မြို့အနီးရှိ တည်ဆောက်မှုမပြီးသေးသော ရေလေးဓာတ်ပေါင်းဖိုသို့ သွားရောက်ကြည့်ရှုလေ့လာခဲ့ကြသည်။

အေပီ။

အီရန်နိုင်ငံ အာရက်ခ်မြို့အနီးရှိ အာရက်ခ်ရေလေး နျူဓာတ်ပေါင်းဖိုကို တွေ့ရစဉ်။

အိန္ဒိယ မိုးလေဝသမှတ်တမ်းများအရ ၂၀၁၀ ခုနှစ်သည် အပူဆုံးနှစ်ဖြစ်

နယူးဒေလီ ဇန်နဝါရီ ၁၅ - မှတ်တမ်းမှတ်ရာများအရ ၂၀၁၀ ခုနှစ်သည် အိန္ဒိယနိုင်ငံအတွက် အပူဆုံးနှစ်ဖြစ်ကြောင်း အိန္ဒိယမိုးလေဝသဌာနက ဇန်နဝါရီ ၁၄ ရက်တွင် ထုတ်ဖော်ပြောကြားသည်။ ၂၀၁၀ ခုနှစ်သည် မှတ်တမ်းများအရ အပူဆုံးနှစ်ဖြစ်ခဲ့ရခြင်းသည် ကမ္ဘာကြီးပူနွေးလာသည်နှင့်အမျှ အပူချိန်မြင့်တက်ခဲ့ခြင်းကြောင့်ဖြစ်ကြောင်း အိန္ဒိယမိုးလေဝသဌာနက ဆိုသည်။

၂၀၁၀ ခုနှစ်အတွင်း အိန္ဒိယနိုင်ငံ၏ နှစ်စဉ်ပျမ်းမျှအပူချိန်သည် သုည ဒသမ ၉၃ ဒီဂရီဆဲလ်စီးယပ်စ် (၃၃ ဒသမ ၆ ဒီဂရီဖာရင်ဟိုက်)အထိရှိခဲ့ပြီး ၁၉၆၁ ခုနှစ်မှ ၁၉၉၀ ခုနှစ်အတွင်း ကာလရှည် ပျမ်းမျှအပူချိန်ထက် ပိုမြင့်မားလာကြောင်း သတင်းတွင် ဖော်ပြသည်။

အိန္ဒိယမိုးလေဝသဌာန၏ လေ့လာချက်များအရ ၂၀၀၁ ခုနှစ်မှ ၂၀၁၀ ခုနှစ်အတွင်း ရာစုနှစ်သည် အပူချိန်မှတ်တမ်းစတင်ပြုစုခဲ့ချိန်မှစ၍ အပူဆုံးရာစုနှစ်ဖြစ်ခဲ့ပြီး ယခင်ရာစုနှစ်များထက် အပူချိန် သုည ဒသမ ၄၀ ဒီဂရီဆဲလ်စီးယပ်စ် ပိုမိုမြင့်မားလာကြောင်း သိရသည်။ အိန္ဒိယနိုင်ငံ၏ မိုးလေဝသဖြစ်စဉ်မှတ်တမ်းကို ၁၉၀၁ ခုနှစ်တွင် စတင်ပြုစုခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

ကမ္ဘာကြီးအပူချိန်မြင့်တက်လာမှုကို ထိန်းချုပ်နိုင်ခြင်းမရှိပါက စားနပ်ရိက္ခာပြတ်လပ်မှု၊ မိုးခေါင်မှု၊ မုန်တိုင်းတိုက်ခတ်မှုနှင့် သတ္တဝါမျိုးစိတ်များ အစုအပြုံလိုက်မျိုးသုဉ်းမှု ကဲ့သို့သော ရာသီဥတုစနစ်များ ကပ်ဘေးအသွင်ပြောင်းလဲမှုကို ရင်ဆိုင်ရမည်ဖြစ်ကြောင်း ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကျွမ်းကျင်သူများက သတိပေးထားသည်။ **အေအက်ဖ်ပီ။**

ဝန်ကြီး ဦးသိန်းဆွေ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ပဉ္စမအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားနှင့် ပညာရည်ချွန်ဆုချီးမြှင့်ခြင်းအခမ်းအနားသို့ တက်ရောက်

နေပြည်တော် ဇန်နဝါရီ ၁၅

မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ပဉ္စမအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားနှင့် ပညာရည်ချွန်ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်ကောင်စီဥက္ကဋ္ဌ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေနှင့် တက္ကသိုလ်ကောင်စီဝင်များ၊ သဟာယအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် ပါမောက္ခချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တက္ကသိုလ်စီမံခန့်ခွဲရေးနှင့် ပညာရေးအဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား မိဘများနှင့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနား အစီအစဉ်အရ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်ကောင်စီဥက္ကဋ္ဌ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဦးသိန်းဆွေက RINA Fellowship ရရှိသူများနှင့် ဆွီဒင်နိုင်ငံ ကမ္ဘာ့ရေကြောင်းတက္ကသိုလ်မှ International Fellowship ရရှိသူများအား ဂုဏ်ပြုလက်မှတ်များကို ပေးအပ်ချီးမြှင့်ပြီး တော်ဝင်ရေယာဉ် ဗိသုကာအသင်း(အင်္ဂလန်)၏ (RINA Myanma Shipyard Award) ရွှေတံဆိပ်ဆု၊ Hutchison Port Holding(Hong Kong)၏ HPH ရွှေတံဆိပ်ဆု၊ ဘာသာရပ်အလိုက် ပညာရည်ချွန်ဆုတံဆိပ်ရရှိသူ ကျောင်းသား၊ ကျောင်းသူများအား ရွှေတံဆိပ်များကို ပေးအပ်ချီးမြှင့်သည်။ ထို့နောက် ဝန်ကြီးက ဘွဲ့နှင်းသဘင်မိန့်ခွန်းပြောကြားသည်။

ယင်းနောက် ပဉ္စမအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားကို ဆက်လက်ကျင်းပပြီး ဝန်ကြီးသည် နောက်ဆုံးနှစ် ကျောင်းသားများ၏ စက်မှုလက်မှုပြခန်းကို ကြည့်ရှုစစ်ဆေးသည်။

မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ပဉ္စမအကြိမ်ဘွဲ့နှင်းသဘင်တွင် ဘွဲ့လွန်ဒီပလိုမာ ၁၈ ဦး၊ ရေယာဉ်တည်ဆောက်မှုပညာဘွဲ့ ၁၅ ဦး၊ ရေကြောင်းအင်ဂျင်နီယာဘွဲ့ ၁၀၉ ဦး၊ ဆိပ်ကမ်းအင်ဂျင်နီယာဘွဲ့ ၂၆ ဦး၊ ရေကြောင်းလျှပ်စစ်နှင့် အီလက်ထရွန်နစ်ပညာဘွဲ့ ၁၇ ဦးနှင့် ရေကြောင်းသိပ္ပံပညာဘွဲ့ ၈၃ ဦး စုစုပေါင်း ၂၆၈ ဦးတို့အား သက်ဆိုင်ရာဘွဲ့များ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမှာစကားပြောကြား

ဒိုက်ဦးမြို့နယ် ကောလိယခန်းမ၌ ၂၀၁၀ ခုနှစ် ဒီဇင်ဘာ ၂ ရက်က ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပြပွဲ အခမ်းအနားကို ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်စွာအောင် အဖွင့်အမှာစကားပြောကြားစဉ်။ (ကြေးမုံ)

မင်္ဂလာတောင်ညွန့်မြို့နယ် စာပေနှင့်စာနယ်ဇင်း သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၅

မင်္ဂလာတောင်ညွန့်မြို့နယ်၊ စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ ၂၀၁၀-၂၀၁၁ ခုနှစ် နှစ်ပတ်လည် လုပ်ငန်းဆိုင်ရာ အစည်းအဝေးနှင့် အသက်(၇၀)နှင့်အထက် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲကို ဇန်နဝါရီ ၂ ရက်က အမှတ်(၇) ဦးအောင်မြတ်လမ်း မင်္ဂလာတောင်ညွန့်မြို့နယ်၌ ကျင်းပရာ သဘာပတိအဖြစ် မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးစိုးဝင်း(တက္ကသိုလ်စိုးယဉ်)က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် အတွင်းရေးမှူး ဦးရဲဇော်(ကိုရဲဇော်)က ဆောင်ရွက်သည်။

အစီအစဉ်အရ သဘာပတိနှင့် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုကော်မတီဝင် ဦးသန်းလှိုင် (တက္ကသိုလ်သခ်)တို့က အမှာစကားပြောကြားကာ တွဲဖက်အတွင်းရေးမှူး ဦးမင်းလွင်(မောင်လှလွန်း)က နှစ်ပတ်လည် အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသည်။ ထို့နောက် အမျိုးသားစာပေဆုရ ဆရာဒေါက်တာဒဂုန်၊ စာပေဗိမာန်စာမူဆုရ ဆရာလူလေး(မြစ်ဝကျွန်းပေါ်)၊ မင်္ဂလဓမ္မဇောတိကဓဇဘွဲ့ရ ဆရာတက္ကသိုလ်စိုးယဉ်တို့အား ထပ်ဆင့်ဂုဏ်ပြုပြီး**(ဓါပုံ)** အသက်(၇၀)နှင့်အထက် သက်ကြီးစာပေပညာရှင် ၂၆ ဦးတို့အား ကန်တော့ငွေ၊ ပစ္စည်းတို့ဖြင့် ပူဇော်ကန်တော့ကြသည်။ (မြို့နယ် စာပေ/စာနယ်ဇင်း)

အထက(၂)လှိုင်၏ ပညာရေးစုံညီပွဲတော် ပညာရေးလက်တွေ့ဖွံ့ဖြိုးမှုပြခန်းကို ဆရာမကြီး ဒေါ်ခင်ဦးကြည်နှင့် ဧည့်သည်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ ကြည့်ရှုနေကြစဉ်။ (၅၄၃)

အာရှပလာဇာဈေး မီးငြိမ်းသတ်မှု သရုပ်ပြလေ့ကျင့်

ရန်ကုန် ဇန်နဝါရီ ၁၅

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ၃၈ လမ်း(အထက်)ရှိ အာရှပလာဇာဈေးတွင် ဒီဇင်ဘာ ၁၁ ရက်က မီးငြိမ်းသတ်မှု သရုပ်ပြလေ့ကျင့်ခြင်းနှင့် ဈေးသူ၊ ဈေးသားများ လက်တွေ့ မီးငြိမ်းသတ်မှုကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ဦးဆောင်မှုဖြင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ် စည်ပင်သာယာရေးဝန်ထမ်းများ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးသူ၊ ဈေးသားများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၆-၁-၂၀၁၁ (တနင်္ဂနွေနေ့)

AM & PM

၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
၅း၂၀ MRTV-4 သတင်း
၅း၅၀ "မဂ္ဂင်ရှစ်ပါးတံတား"တရားတော် (သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ)
၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၁၃၇)**
၇း၃၀ MRTV-4 သတင်း
၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၀၄)**
၈း၄၀ ရန်ကုန်မြင်ကွင်းကျယ် (ပြေတီဦးနှင့်အိန္ဒြာကျော်ဇင်တို့၏ ဆွမ်းကျွေးမင်္ဂလာအခမ်းအနား)
၉း၁၀ အနုပညာရုပ်ဝန်းမှရင်ခုန်သံများ "နယူးမော်ဒယ်(လ်)"
၉း၄၀ Sunday Talk [မျိုးမြတ်သူ၊ မောင်လူမွှေး (မြန်မာမှု)]
၁၀း၁၅ သင့်မိသားစုကျန်းမာရေး ဂလိုဘယ်(လ်) ပဲဆီသန့်ဦးစားပေး
၁၀း၃၅ ဗီဒီယိုပြခန်း
၁၁း၀၀ ဈေးဝယ်လမ်းညွှန် (လပြည့်ဝန်း)
၁၁း၃၀ ချင်းတွင်းမှသည် ပန်းတိုင်ဆီသို့
၁၁း၅၅ စိန်ကြယ်ပွင့်တို့ရဲ့သားအိမ်ခေါင်း ကင်ဆာစကားဝိုင်း (ဒေါက်တာမေသူမျိုးညွန့်၊ တင်မိုးလွင်၊ အိန္ဒြာကျော်ဇင်၊ ချစ်သုဝေ)
၁၂း၁၀ ရန်ကုန်မြင်ကွင်းကျယ် (Maxim Cookware Collection မိတ်ဆက်ပွဲအခမ်းအနား)
၁၂း၃၀ မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များ အသင်း၏(၁၇)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီ အခမ်းအနား
၁း၀၀ "မဂ္ဂင်ရှစ်ပါးတံတား"တရားတော် (သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ)
၂း၀၀ MRTV-4 သတင်း
၂း၂၀ စကားနပန်း (အပေါင်းအသင်းများတာ ကောင်းတယ်၊ အပေါင်းအသင်းမများတာ ကောင်းတယ်)
၃း၄၀ ဆံသားကျန်းမာရေးကို သဘာဝကျကျ ထိန်းသိမ်းတတ်စေဖို့
၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၀၄)**
၅း၀၀ Wedding Season (ပြေတီဦးနှင့် အိန္ဒြာကျော်ဇင်တို့၏ စုလျားရစ်ပတ်ဘိသိက်မင်္ဂလာ အခမ်းအနား)
၆း၀၀ MRTV-4 သတင်း
၆း၂၀ Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၁၃၈)**
၇း၂၀ Kid's Show (ရွှေပြည်နန်းကလေးသရုပ်ဆောင်ပြိုင်ပွဲ) (အပိုင်း-၂)
၈း၀၀ MRTV-4 သတင်း
၈း၃၀ Wedding Season (ပြေတီဦးနှင့် အိန္ဒြာကျော်ဇင်တို့၏ စုလျားရစ်ပတ်ဘိသိက်မင်္ဂလာ အခမ်းအနား)
၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၀၅)**
၁၀း၁၀ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (ဂီတရိပ်သာ-၃၂)
၁၀း၃၀ Barclays Premier League (Tottenham Vs Man U)
၁၂း၂၅ ဟိုတယ်လမ်းညွှန် (The Hotel Amara-NAYPYITAW)
၁း၀၀ စိုက်ပျိုးအောင်မြင် စပ်ခရမ်းချဉ်
၁း၁၀ ဟူးကောင်းချိုင့်ဝှမ်းမှ ဆင်သုတေသနလုပ်ငန်း
၁း၃၀ MFF'S 2010 AWARDS ဆုပေးပွဲအခမ်းအနား
၂း၀၀ စီးဆင်းပါစေမေတ္တာရည် (မေကဗျာ၊ ဖူးဖူး)
၂း၁၀ ဆေးဖက်ဝင်သစ်ခွ၏ အသုံးဝင်မှုများထဲမှ. . .
၂း၂၀ ဆန်းသစ်တီထွင် ကချင်ဒီဇိုင်းဖက်ရှင်
၂း၅၀ ဘဝများ (ဝဏ္ဏခွာနီး)
၃း၁၅ မြန်မာနိုင်ငံရေကြောင်းပညာ တက္ကသိုလ်အကြောင်း သိကောင်းစရာ
၄း၀၀ မြန်မာမှုလက်ရာ ပန်းတဉ်းပညာ
၄း၃၀ လောကအလင်းရောင် ဝိပဿနာဉာဏ်တန်ဆောင်
၄း၄၀ တစ်နေရာတည်း ပြီးပြည့်စုံစေမှာ Ginger
၄း၅၅ ရှေးမူမပျက်ထိန်းသိမ်းဖို့ရာ မြန်မာရွှေချည်ထိုးပညာ
၅း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်			ပြသမည့်လိုင်း
၆း၂၅	Birmingham	-	Aston Villa	ESPN (Live)
	Sunderland	-	Newcastle	STAR SPORT (Live)
၈း၃၀	Liverpool	-	Everton	ESPN (Live)
၁၀း၃၀	Tottenham	-	Man U	ESPN (Live)

*** ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။**

အထက(၁) တာမွေ (၁၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၅

အထက(၁)တာမွေ (ယခင် ကျောက်မြောင်းအစိုးရအထက်တန်းကျောင်း)၌ ၁၉၄၅ ခုနှစ်မှ ၁၉၇၀ ခုနှစ်အထိ ပညာသင်ကြားပေးခဲ့ကြသော အသက်(၇၀)နှင့်အထက် အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသား၊ ကျောင်းသူဟောင်းများက အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၂၃ ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ယင်းကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် လှူဒါန်းလိုသူများသည် ဦးတင်ရီ ဖုန်း-၀၁-၅၄၁၇၁၃၊ ဦးညွန့်တင် ဖုန်း-၀၁-၅၄၀၉၁၇၊ ဦးလှထွန်း ဖုန်း-၀၉-၅၄၀၄၈၂၇၊ ဦးစိန်ဝင်းမောင် ဖုန်း-၀၁-၅၇၂၀၀၉၊ ဦးစိုးလွင် ဖုန်း-၀၁-၅၇၁၁၅၉၊ ဒေါ်ခင်မေစီ ဖုန်း-၀၁-၆၆၆၆၇၄၊ ဒေါ်ခင်နီဝင်း ဖုန်း-၀၁-၂၂၇၁၅၄၊ ဦးလှမြင့် ဖုန်း-၀၉-၅၂၀၁၁၇၅၊ ဦးဝင်းမောင် ဖုန်း-၀၁-၄၃၀၆၃၆ လိုင်းခွဲ(၁၄၄)၊ ဦးခင်မောင်ညွန့် ဖုန်း-၀၉-၅၀၅၀၀၄၂ နှင့် ဒေါ်သန်းသန်းမြင့်၊ ဒေါ်တင်တင်ညွန့် ဖုန်း-၀၁-၇၃၁၄၄၅၈၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)ပြည်မြို့ အမှတ်(၃) အခြေခံပညာ အလယ်တန်းကျောင်း၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဇန်နဝါရီ ၃ ရက်က အလက(၃) လူငယ့်အားမာန်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးအဆင့်သချ်ာစွမ်းရည်ပြိုင်ပွဲ တတိယဆုရ ပဉ္စမတန်းမှ မောင်မင်းသစ်ထွန်းအား ကျောင်းအုပ်ဆရာကြီး ဦးသိန်းအောင် ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (ပညာရေး)

မျက်စိနီတိုင်း မျက်စိနာလား

ဒေါက်တာကံညွန့်

ရွှေပြည်သာက အရှင်နာဂသေနဟာ ရခိုင်က လာပြီး စာသင်နေတဲ့ စာသင်သားကိုရင်လေးပါ။ အသက် (၁၈)နှစ်ပဲရှိပါသေးတယ်။ မျက်စိနီနေတာ တစ်ပတ်ကျော် လောက်ရှိပါပြီ။ ရိုးရိုးမျက်စိနာလို့ထင်ပြီး ရရာဆေးတွေ ခတ်ပေမယ့် မပျောက်နိုင်ဘဲ နှစ်ပတ်လောက်ကြာသွား ပါတယ်။ ကံကောင်းချင်တော့ ကိုရင်လေးသီတင်းသုံးနေတဲ့ ကျောင်းကို ရခိုင်ပြည်နယ်က ဒါယကာတစ်ယောက် အလှူလုပ်ရင်းရောက်လာတာပဲ။ မျက်စိနာနေတဲ့ ကိုရင်လေး ကို မြင်လိုက်တော့ မျက်စိနီနေတာ နှစ်ပတ်လောက်ရှိပြီ။ မျက်ရည်ပူတွေကျ၊ မျက်စိလည်း တဖြည်းဖြည်း မှုန်လာတယ်ဆိုတာသိတော့ ရိုးရိုးမျက်စိနာတာ မဟုတ် နိုင်ဘူးဆိုပြီး စာရေးသူထံ ခေါ်လာတာဖြစ်ပါတယ်။

ဆေးခန်းကိုရောက်ရောက်ချင်း အမြင်အာရုံကို တစ်ဖက်ပိတ်ပြီးစမ်းလိုက်တော့ နှစ်ပေအကွာက လက် ချောင်းလောက်သာ ရေတွက်နိုင်ပါတော့တယ်။ ဒီထက် ဝေးရင် ဘာကိုမှ သဲသဲကွဲကွဲမမြင်ရတော့ပါဘူး။ မျက်စိက တစ်ဖက်ပဲနီရဲနေပြီး ကျန်တဲ့မျက်စိတစ်ဖက်က အကောင်း ပါ။ နီတဲ့ဘက်ကမျက်စိဟာ မှေးနေပြီး နေပူဒဏ်ကို မပြောနဲ့ ကျွန်တော်စမ်းလိုက်တဲ့ လက်နှိပ်ဓာတ်မီး အရောင်တောင် မခံနိုင်တော့ပါ။ မျက်လုံးကနည်းနည်း ကိုက်ပြီး ခေါင်းက တစ်ချက်တစ်ချက်ကိုက်ကြောင်း ပြောပြ ပါတယ်။

သေချာစမ်းလိုက်တော့ မျက်စိအတွင်းရောင်ရောဂါ လို့ခေါ်တဲ့(Anterior Uveitis)ရောဂါ ဖြစ်နေပါတော့တယ်။ မျက်စိအတွင်းရောင်ရောဂါဆိုတာ မျက်ကြည်နာရောဂါ (Corneal Ulcer)၊ မျက်စိဒေါင့်ကျဉ်းရေတိမ်ရောဂါ (Angle Closure Glaucoma)တို့လို ကုတာနောက်ကျရင် မျက်စိကိုချက်ချင်းကွယ်စေနိုင်တဲ့ရောဂါပါ။ မျက်စိအတွင်း မှာရှိတဲ့ သွေးကြောလွှာလို့ခေါ်တဲ့ (UVEAL TRACT) အလွှာ ရောင်ရမ်းပြီးဖြစ်ရတဲ့ရောဂါပါ။

လူကြီး၊ လူငယ်၊ ကျား၊ မ မရွေး ဘယ်သူမဆို ဖြစ်နိုင်ပြီး မသိမသာဖြစ်တတ်လို့ အရေးကြီးတဲ့ရောဂါ လို့ဆိုရမှာပါ။ မျက်ကြည်နာရောဂါတို့၊ ရေတိမ်ရောဂါ တို့မှာ လက္ခဏာက သိသိသာသာဖြစ်နေတော့ ဆေးကုဖို့ အချိန်မီ ရောက်လာတတ်ကြပါတယ်။ ဒါပေမယ့် ဒီမျက်စိအတွင်းရောင်ရောဂါကတော့ မသိမသာဖြစ်နေ တာရယ်၊ အများအားဖြင့် မျက်လုံးတစ်ဖက်စီမှာပဲ အဖြစ်များတတ်လို့ တစ်ဖက်မျက်စိက မြင်နေရတာ ရယ်ကြောင့် ဆေးကုဖို့ အရောက်နောက်ကျတတ်ကြပါ တယ်။ ဒါကြောင့် ဒီရောဂါအကြောင်း အများသိနိုင်ဖို့ ရေးလိုက်ရတာပါ။

ဒီရောဂါဖြစ်ရင်

(၁) မဖြစ်ခင်တစ်ပတ် (သို့မဟုတ်) (၃/၄)ရက် လောက်မှာ မျက်စိခိုးလိုးခုလုနှင့် မျက်ရည်ပူတွေကျ တတ်ပါတယ်။

(၂) အများအားဖြင့် မျက်စိတစ်ဖက်သာ ဖြစ်တတ်ပါ တယ်။

(၃) ဒီလိုဖြစ်ပြီး မကြာခင်မှာ မျက်စိနီ၊ မျက်ရည်ပူကျ၊ မျက်စိ နေရောင်မကြည့်နိုင်ခြင်းတို့ ဖြစ်လာတယ်။

(၄) ဒါပြီး (၃/၄)ရက်လောက်နေတော့မှ မျက်စိဟာ တဖြည်းဖြည်း မှုန်ဝါးလာပါတယ်။

(၅) မျက်စိမှုန်လာတာနှင့်အမျှ မျက်စိအနည်းငယ် အောင့်ခြင်း၊ ဖြစ်တဲ့ဘက်က အနည်းငယ် ကိုက်ခြင်း ဖြစ်တတ်ပါတယ်။ (သိပ်အပြင်းအထန် မဟုတ်ပါ ဘူး။ ရေတိမ်ဖြစ်သလောက် ကိုက်တာအောင့်တာ မခံမရပ်နိုင်အောင် မဖြစ်ပါဘူး) ဒါကြောင့်လဲ ဆရာဝန်ထံလာပြဖို့ ကြာတတ်ကြတာပါ။

(၆) ဒီကမှ တဖြည်းဖြည်း တစ်ရက်ထက်တစ်ရက် မှုန်လာတာဟာ ၁၀ရက်မှ နှစ်ပတ်အတွင်းလောက် မှာ လက်ချောင်းလေး သို့မဟုတ် မီးရောင် လောက်သာ မြင်နိုင်တဲ့အဆင့် ရောက်တော့တာ ပါပဲ။

(၇) အဲဒီ မျက်စိအတွင်းရောင်ရောဂါ ဖြစ်နေတဲ့လူ ကို ကြည့်လိုက်ရင် ရောဂါဖြစ်တဲ့ မျက်စိဘက်က ကောင်းတဲ့ဘက်ထက် မှေးနေပြီး မျက်ရည်ပူလေး တွေ ကျနေတတ်ပါတယ်။ ဒါဟာ အပြင်ပန်းက ကြည့်လိုက်ရင် သိသာပါတယ်။ မျက်စိရိုးရိုးနာမှာ မျက်စိမမှေးပါဘူး။ ရိုးရိုးမျက်စိနာဆိုရင် တစ်ဖက်ဖြစ်ရင် နောက်တစ်ဖက်ကပါ ပြိုင်တူလို ဖြစ်တတ်ပါတယ်။ မျက်စိလည်း မှုန်မသွားပါဘူး။ ဒီလိုလက္ခဏာတွေဖြစ်နေရင် မျက်စိအတွင်းရောင်

ရောဂါဆိုတာ သေချာသလောက်ဖြစ်နေပါတယ်။ နီးစပ်ရာ မျက်စိကုဌာနကို အမြန်ဆုံးသွားပြဖို့လိုပါတယ်။ မပြရင် မျက်စိမှာ(pupil)လို့ခေါ်တဲ့ မျက်စိသူငယ်အိမ် အပေါက် ပိတ်သွားပြီး လုံးဝမမြင်ရတဲ့အဆင့် ရောက်သွားနိုင်ပါ တယ်။ ဒီအခြေအနေကျရင် ကောင်းအောင်ပြန်ကုဖို့ ဆိုတာလဲ ခက်ခဲလှပါတယ်။ ဒီရောဂါမျိုး ဘယ်သူ့မှာ မဆိုဖြစ်နိုင်ပြီး အများအားဖြင့် အောက်ပါရောဂါတွေ ရှိနေသူမှာ ပိုဖြစ်တတ်ပါတယ်- ၎င်းရောဂါတွေကတော့-

(၁) အဆစ်အမြစ်ရောင်ရောဂါ (Rheumatoid Arthritis)

(၂) ကျောရိုးအဆစ်ရောင်ရောဂါ (Ankylosing Spondylitis)

(၃) ပါးစပ်နှင့်လိင်အနာရောဂါ (Bchcet's Syndrome)

(၄) တီဘီ ခေါ် အဆုတ်ရောင်ရောဂါ

(၅) ဆစ်ဖလစ်၊ အေအိုင်ဒီအက်စ်ရောဂါ

(၆) ဆာကွိုက်ဒိုးဆစ်(Sarcoidosis)ရောဂါ

(၇) ကိုယ်ခန္ဓာတစ်နေရာရာ၌ ရောဂါပိုး (Source) တစ်ခုခု ရှိနေသူများ(ဥပမာ Tooth Abscess, Lung Abscess, Liver Abscess)

(၈) မျက်စိရေတိမ်၊ အတွင်းတိမ်၊ ထိခိုက်ဒဏ်ရာ ခွဲစိတ် ခံထားရသူများ

(၉) မျက်လုံးတစ်ဖက်တွင် ပေါက်ပြဲဒဏ်ရာရဖူးသူများ (ယင်းလူများတွင် ထိခိုက်ဒဏ်ရာရ မျက်စိတွင် သာ မျက်စိအတွင်းရောင်ရောဂါ ရနိုင်သည်ထက် Sympathetic Ophthalmits ခေါ် အကောင်း မျက်စိတွင်ပါ အတွင်းရောင်ရောဂါရနိုင်သဖြင့် အထူးသတိထားသင့်ကြပါတယ်။)

စတဲ့ ရောဂါတွေရှိတဲ့လူတွေမှာ ပိုဖြစ်တတ်ကြပါတယ်။ ဒီရောဂါဖြစ်လာရင် မျက်စိကွယ်ရတဲ့အကြောင်းက

(၁) မျက်စိသူငယ်အိမ်ပေါက် ကျဉ်းသွားပြီး မျက် သူငယ်အိမ်ပေါက် ပိတ်သွားရခြင်း

(၂) ရောင်ရမ်းရာကထွက်လာတဲ့ ချွဲရည် (Exudate) တွေ မျက်စိအထဲက Structure တွေမှာကပ်ပြီး ထပ်ဆင့်ရေတိမ်ရောဂါ၊ အတွင်းတိမ်ရောဂါတွေ ဖြစ်လာခြင်း

(၃) မျက်စိအတွင်းရောင်ရမ်းမှုဟာ မျက်စိတစ်ခုလုံး ပျံ့နှံ့သွားပြီး Endophthalmitis, Panophthalmits လို့ခေါ်တဲ့ မျက်စိတစ်ခုလုံးရောင်ရမ်း သွားတဲ့ ရောဂါရခြင်း

(၄) နောက်ဆုံးအနေနဲ့ ရောင်ရမ်းမှုကြာတဲ့အခါ Phthisis လို့ခေါ်တဲ့ မျက်စိတစ်ခုလုံး ပိန်ချုံးရှုံ့တွပြီး ဘယ်လိုမှ ပြန်ကုလို့မရနိုင်တဲ့ အခြေအနေမျိုးရောက် သွားရခြင်းတို့ ဖြစ်တတ်ပါတယ်။

ဒါကြောင့် ဒီရောဂါမျိုးနဲ့ ရောက်လာတဲ့သူတွေကို မျက်သူငယ်အိမ်ပေါက်ပိတ်မသွားအောင် (Atropine, Homatropine, Mydracil)လို့ခေါ်တဲ့ မျက်သူငယ် အိမ်ကျယ်တဲ့ ဆေးတွေကို အချိန်မီ ချက်ချင်းခတ်ပေး ရပါတယ်။ နောက်ပြီး Inflammation ကြောင့် ထွက် လာတဲ့ Exudate ကို လျော့နည်းသွားဖို့ steroid ပါတဲ့ မျက်စဉ်းကို အနည်းဆုံး တစ်နာရီတစ်ခါ အကြိမ်များစွာ ခတ်ပေးရပါတယ်။ ဒီဆေးနှစ်မျိုးစလုံးဟာ သာမန် လူတွေအတွက် ဆရာဝန်မညွှန်ကြားဘဲ မသုံးသင့်တဲ့ ဆေးတွေပါပဲ။ဒါကြောင့် ဆရာဝန်နဲ့ပြပြီး လိုမှသုံးရတဲ့ ဆေးတွေဖြစ်လို့ ဆရာဝန်ကို ပြပြီးမှ သုံးသင့်ပါတယ်။ (ဆေးမြီးတိုတွေဟာ ဒီရောဂါမှာ ဘာမှအကျိုးမသက်ရောက် ပါဘူး။) ဒါကို သတိထားဖို့ အထူးလိုအပ်ပါတယ်။

အဲဒီလိုပဲ အခု ရွှေပြည်သာက အရှင်သာမဏေ လေးကိုလဲ လိုအပ်တဲ့ကုသမှုတွေပေးပြီး တစ်ပတ် အကြာ ပြန်ကြည့်လိုက်တော့ မျက်စိအမြင်ဟာ ပေ ၂၀ အကွာက စာတန်းလေးတန်းကို ဖတ်နိုင်တဲ့အထိ ပြန်ကောင်းခဲ့ပါပြီ။ နောက်တစ်ပတ် နှစ်ပတ်လောက် ဆိုရင် အောက်ဆုံးအကြောင်းထိ မြင်နိုင်တော့မှာပါ။ ဆရာကယ်လို့သာ ကျွန်တော့်မျက်စိ ပြန်ကောင်းခဲ့တာလို့ မိန့်တော့ ကျွန်တော်က တပည့်တော်ချည်းမဟုတ်ပါဘူး အရှင်ဘုရား။ ဒီဒကာကြီးက အချိန်မီ ကိုရင်လေးကို ပင့်လာလို့သာ ကုသမှုမီလို့ ကောင်းရတာပါ။ ဒါကြောင့် ဒီဒကာကြီးကိုပဲ ကျေးဇူးတင်ပါလို့ ပြန်ပြောလိုက်ရပါ တယ်။

နောက်ပြီး တကယ်လို့ နောက်တစ်ခါ ဒီလိုမျိုး ထပ်ဖြစ်ရင်တော့ ဆရာ့ထံ စောစောလာဖို့နဲ့ နောက်တစ်ခါ ပြန်ဖြစ်ရင် ရောဂါအခံဇာစ်မြစ်ကို ရှာရတော့မယ်လို့ ပြောလိုက်ရပါတယ်။

ဒါကြောင့် မျက်စိနီတိုင်း မျက်စိနာထင်ပြီး မပေါ့ ကြပါနဲ့၊ မျက်စိနီတယ် Antibiotic ပါတဲ့ မျက်စဉ်းတွေ ခတ်ကြည့်လို့ သုံးလေးရက်နှင့် မပျောက်ဘူးဆိုရင် မျက်စိကို ကောင်းတဲ့ဘက်ပိတ်ပြီး နာတဲ့မျက်စိနဲ့ စမ်းကြည့်ပါ။ မျက်စိမှုန်သွားပြီဆိုရင်တော့ မျက်စိဌာန မြန်မြန်ပြဖို့ တိုက်တွန်းလိုက်ရပါတယ်။ ။

ရာဇာလင်းမိသားစု ဆေးတက္ကသိုလ် ပညာသင်ဆုချီးမြှင့်

ရန်ကုန် ဇန်နဝါရီ ၁၅

ပညာဒါနအလှူရှင် ဦးအေးကျော်- ဒေါ်အေးအေးမြင့် ရာဇာလင်းမိသားစု သည် ဆေးတက္ကသိုလ်တက်ခွင့်ရရှိသည့် ဆင်းရဲနွမ်းပါး၍ အမှန်တကယ် အခက် အခဲရှိသော ကျောင်းသား၊ ကျောင်းသူ များအားရွေးချယ်ပြီး နှစ်စဉ်ပညာသင်ဆု များ ချီးမြှင့်လျက်ရှိရာ ၂၀၁၀-၂၀၁၁ ပညာသင်နှစ်တွင်လည်း ဆင်းရဲနွမ်းပါး သော ဆေးတက္ကသိုလ်တက်ခွင့်ရ ကျောင်း သား၊ ကျောင်းသူ ရှစ်ဦးအား ရွေးချယ်၍ "ရာဇာလင်း ဆေးတက္ကသိုလ်ပညာသင်ဆု" ချီးမြှင့်လိုက်ကြောင်း သိရသည်။

၂၀၁၁ ခုနှစ် ပညာရေးစုံညီပွဲတော်နှင့် ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ဆုရ ကျောင်းသား၊ ကျောင်းသူများအား ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဇန်နဝါရီ ၇ရက် က အထက(၁) ကြည့်မြင်တိုင် မြဝတ်ရည်ခန်းမ၌ ကျင်းပရာ ကျောင်းအတွက် စကိုင်းနက်တစ်စုံတပ်ဆင်ရန် အလှူငွေကျပ် ၁၅၀၀၀၀ ကို ဟိုတယ်ဂလုရီပိုင်ရှင် ဦးခင်မောင်ပြုံးက ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်ဆင့်ထံ ပေးအပ်စဉ်။ (၅၄၆)

၂၀၁၀-၂၀၁၁ ပညာသင်နှစ် "ရာဇာလင်း ဆေးတက္ကသိုလ်ပညာသင်ဆု" ရရှိကြသူများမှာ မဝတ်ရည်ဝင်း ဆေး တက္ကသိုလ်(၂) ရန်ကုန်၊ မောင်သူရထွန်း ဆေးတက္ကသိုလ် မန္တလေး၊ မောင်အောင် ဇော်ထက် ဆေးတက္ကသိုလ် မကွေး၊ မသုနန္ဒာအေး ဆေးတက္ကသိုလ် မကွေး၊ မမြသက်ထားဦး ဆေးတက္ကသိုလ် မကွေး၊ မရွှေရည်မိုးမြင့်မြတ် ဆေးတက္ကသိုလ် မကွေး၊ မအင်ကြင်းသက် ဆေးတက္ကသိုလ် မကွေးနှင့် မခိုင်ဇင်အောင် ဆေးတက္ကသိုလ် မကွေးတို့ ဖြစ်ကြသည်။

အဆိုပါ ပညာသင်ဆု ရရှိကြသူများ အား ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပထမ နှစ်မှစ၍ ဆေးပညာဘွဲ့ရသည်အထိ တစ်လလျှင် ငွေကျပ်ငါးသောင်းစီကို ရာဇာလင်းမိသားစု၏ စည်းကမ်းချက်များ နှင့်အညီ လစဉ် ထောက်ပံ့ပေးသွားမည် ဖြစ်သည်။ ပညာသင်ဆုရရှိကြသူများသည် ဆေးတက္ကသိုလ်အသီးသီး၌ မိမိတို့ ပထမနှစ်သင်တန်း တက်ရောက်နေကြောင်း အထောက်အထား စာရွက်စာတမ်းများကို လည်းကောင်း၊ ယခင်နှစ်များတွင် "ရာဇာ လင်း ဆေးတက္ကသိုလ်ပညာသင်ဆု" ရရှိ ခဲ့ပြီး ဆေးပညာဆက်လက်သင်ယူနေကြ သည့် ကျောင်းသား၊ ကျောင်းသူများသည် သက်ဆိုင်ရာအတန်းအသီးသီးတွင် မိမိတို့ အောင်မြင်ကြောင်း ထောက်ခံချက်များကို လည်းကောင်း အမှတ်(၅၀) ကန်ရိပ်သာ (၃)လမ်း Finger Lake F.M.I City လှိုင်သာယာမြို့နယ် ရန်ကုန်မြို့သို့ အချိန်မီ ပေးပို့၍ ပညာသင်ဆုများ ဆက်လက် ထုတ်ယူနိုင်ကြကြောင်း သိရသည်။

(သတင်းစဉ်)

အာဘာဖီး ပြည်ပအလုပ်အကိုင်သင်တန်းကျောင်း၌ ဂဟေဆက်သင်တန်း ဖွင့်လှစ်

ရန်ကုန် ဇန်နဝါရီ ၁၅

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၏ ကြီးမှူးစီစဉ်ဆောင်ရွက်မှုဖြင့် ဂျပန်နိုင်ငံသို့ အလုပ်သင်ဂဟေဆက်အဖြစ် သွားရောက် မည့် အလုပ်သင်များအတွက် ဂဟေဆက် သင်တန်းကို ဇန်နဝါရီ ၁၄ ရက်တွင် အာဘာဖီး ပြည်ပအလုပ်အကိုင်သင်တန်း ကျောင်း၌ ဖွင့်လှစ်ရာ သင်တန်းသား ၅၃ ဦး တက်ရောက်ခဲ့ကြပြီး ယခုသင်တန်းမှာ ကိုးကြိမ်မြောက်ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ သင်တန်းဖွင့်ပွဲသို့ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းမှ သင်တန်းကော်မတီ ဥက္ကဋ္ဌ ဦးသန်းမြင့်၊ အထွေထွေအတွင်း ရေးမှူး ဦးကိုကိုကြီး၊ တွဲဖက်အထွေထွေ အတွင်းရေးမှူး ဦးအုန်းမြင့်၊ အာဘာဖီး ပြည်ပအလုပ်အကိုင် ဝန်ဆောင်မှုကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးစိန်ဖေ၊ သင်တန်း ကျောင်း ကျောင်းအုပ်ကြီး ဦးအောင်နိုင်သူ တို့ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းမှ သင်တန်း ကော်မတီဥက္ကဋ္ဌ ဦးသန်းမြင့်နှင့် အာဘာဖီး ပြည်ပအလုပ်အကိုင် ဝန်ဆောင်မှုကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးစိန်ဖေတို့က အမှာစကားပြောကြား ကြပြီး တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးအုန်းမြင့်နှင့် သင်တန်းကျောင်း ကျောင်း အုပ်ကြီး ဦးအောင်နိုင်သူတို့က သင်တန်း နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြ သည်။ သင်တန်းပြီးဆုံးသည့်အခါတွင် ဂျပန်နိုင်ငံမှ လာရောက်၍ လက်တွေ့ စစ်ဆေးရွေးချယ်မည် ဖြစ်ကြောင်းနှင့် ရွေးချယ်ခြင်းခံရသူများသည် ဂျပန်နိုင်ငံ၌ သုံးနှစ်ကြာ အလုပ်သင်အဖြစ် သင်ကြား ခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ကွမ်းခြံကုန်းမြို့နယ် တော်လန်းကျေးရွာ အခြေခံပညာအထက်တန်း ကျောင်းခွဲ၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၈ ရက်က ယင်းကျောင်းပညာရတနာခန်းမ၌ ကျင်းပရာ တတိယတန်းမှ အဋ္ဌမတန်း အထိ ခြောက်နှစ်ဆက်တိုက် ပညာရည်ချွန် ပထမဆုရ ကျောင်းသူ မအိအိပြုံးအား ကျောင်းအုပ်ဆရာကြီး ဦးသံဒိုင် ဆုချီးမြှင့်စဉ်။ (ပညာရေး)

လယ်ယာစပါး ပြည့်အားထား တားဆီးကာကွယ် မီးရန်စွယ်။

ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးများကောင်စီရုံးမှ အတွင်းရေးမှူးနှင့်အဖွဲ့ နှစ်နိုင်ငံခရီးသွားလုပ်ငန်း မြှင့်တင်ရေးကိစ္စရပ်များ လာရောက်ဆွေးနွေး

ရန်ကုန်မြို့ Chatrium Hotel၌ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးများ ကောင်စီရုံးမှ အတွင်းရေးမှူး Mr. Takreth Samrach ဦးဆောင်သောအဖွဲ့ နှင့် ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဉာဏ်ထွန်းအောင်တို့ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တို့ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေးကြစဉ်။ (သတင်းစဉ်)

ရန်ကုန် ဇန်နဝါရီ ၁၅

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးစိုးနိုင်၏ ဖိတ်ကြားချက်အရ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးများကောင်စီရုံးမှ အတွင်းရေးမှူး Mr.Takreth Samrach ဦးဆောင်သော အဖွဲ့ဝင် ရှစ်ဦးပါအဖွဲ့သည် နှစ်နိုင်ငံ ခရီးသွားလုပ်ငန်း မြှင့်တင်ရေးကိစ္စရပ်များ ညှိနှိုင်းဆွေးနွေးရန်အတွက် ဇန်နဝါရီ ၁၀ ရက်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိခဲ့ကြသည်။

အဆိုပါအဖွဲ့သည် မြန်မာနိုင်ငံသို့ ရောက်ရှိစဉ် ဇန်နဝါရီ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် ပုဂံ၊ မန္တလေးနှင့် ရန်ကုန်မြို့ တို့ရှိ ကမ္ဘာလှည့်ခရီးသည်များ စိတ်ဝင်စားဖွယ်ရာနေရာများကို ကြည့်ရှုလေ့လာခဲ့ကြသည်။

ကမ္ဘောဒီးယား ကိုယ်စားလှယ် Mr.Takreth Samrach ဦးဆောင်သော အဖွဲ့နှင့် ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဉာဏ်ထွန်းအောင်တို့ ဦးဆောင်၍ ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန၊ လေကြောင်း ပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာအဲဝေး အင်တာနေရှင်နယ်မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံခရီးသွား လုပ်ငန်း ရှင်များအသင်း၊ ဟိုတယ်လုပ်ငန်း ရှင်များအသင်း၊ ဈေးကွက်မြှင့်တင်ရေး ကော်မတီဥက္ကဋ္ဌများ၊ ပြည်ထောင်စု မြန်မာ နိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်မှ ဒုတိယ ဥက္ကဋ္ဌတို့ ပါဝင်သော မြန်မာကိုယ်စား လှယ်အဖွဲ့တို့သည် ဇန်နဝါရီ ၁၃ ရက်တွင် ရန်ကုန်မြို့ရှိ Chatrium Hotel ၌ နှစ်နိုင်ငံ ခရီးသွားလာရေးလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များနှင့် နှစ်နိုင်ငံအကြား တိုက်ရိုက်လေကြောင်း ခရီးစဉ် ပျံသန်းရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါ ကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီ ၁၄ ရက် နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အသည်းရောင်ရောဂါဆိုင်ရာ ဆေးပညာနှီးနှောဖလှယ်ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၅

အသည်းရောင်ရောဂါနှင့် စပ်လျဉ်း၍ နောက်ဆုံးပေါ်တွေ့ရှိချက်များနှင့် ကုသရေးဆိုင်ရာ ဆေးပညာနှီးနှောဖလှယ်ပွဲကို ယနေ့နံနက် ၉ နာရီတွင် မြန်မာနိုင်ငံ ဆရာဝန်အသင်း(မန္တလေး) ရတနာပုံခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ဆရာဝန်အသင်းမှ အထူးကုဆရာဝန်များ၊ ဆေးကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မန္တလေး အထွေထွေရောဂါကုဆေးရုံကြီး ဆေးပညာဌာနမှ ပါမောက္ခ ဒေါက်တာအောင်ကြီးက အဖွင့်အမှာစကားပြောကြားပြီး Fortune Int'l Limited မှ အထွေထွေမန်နေဂျာ ဒေါက်တာအောင်ခိုင်သန်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ ပါမောက္ခ ဒေါက်တာသံစစ်က Future Therapy of Hepatitis C အကြောင်းကိုလည်းကောင်း၊ မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး အသည်းရောဂါ ဆေးပညာဌာနမှ ပါမောက္ခ ဒေါက်တာမြမြရီက Future Therapy of Hepatitis B, Unresolved Issues and Remaining Challenges, အကြောင်းကိုလည်းကောင်း ဆေးကုသမှုဆိုင်ရာ အတွေ့အကြုံများဖြင့် နှီးနှောဖလှယ်ဟောပြောကြသည်။

ယင်းနောက် ဆေးပညာရှင် ဆရာဝန်ကြီးများက အသည်းရောဂါနှင့် စပ်လျဉ်း၍ မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဆွေးနွေးကြသည်။

အဆိုပါ ဆေးပညာနှီးနှောဖလှယ်ပွဲကို Unico Overseas Development Limited (Hong Kong) နှင့် Fortune Int'l Limited (Myanmar) တို့ ပူးပေါင်းကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ပုဆိန်တံဆိပ်လေဆေးဆီ ပါဝင်ပြသရောင်းချ

ရန်ကုန် ဇန်နဝါရီ ၁၅

ပုသိမ်မြို့ မြို့တော်ခန်းမ၌ ဇန်နဝါရီ ၁၄ ရက်မှ ၁၈ ရက်အထိ ကျင်းပလျက်ရှိသည့် အီလက်ထရွန်နစ်နှင့် လူသုံးကုန်ပစ္စည်းများ ပြပွဲတွင် Golden Palace Enterprises Limited မှ တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် ဖြန့်ချိသော ပုဆိန်တံဆိပ်လေဆေးဆီ ပါဝင်ပြသရောင်းချလျက်ရှိသည်။

ပုဆိန်တံဆိပ် လေဆေးဆီအား သဘာဝဆေးပင်များဖြစ်သည့် ယူကလစ်၊ မင်သော်၊ ပရုတ်တို့ကို အဓိကထားပြီး သိပ္ပံနည်းကျစွာ ဖော်စပ်ထားသည့်အတွက် အရည်အသွေးနှင့် အာနိသင် အထူးကောင်းမွန်ကြောင်း၊ မူးဝေခြင်း၊ ခေါင်းကိုက်ခြင်း၊ ခရီးပမ်းမူးမော်အော့အန်ခြင်း၊ အအေးမိနှာစေးခြင်း၊ ဗိုက်ရစ်အော့အန်ခြင်း၊ အရိုးအကြောအဆစ်အမြစ်ကိုက်ခဲခြင်း၊ ပိုးမွှားကိုက်ခြင်း၊ ခြင်ကိုက်ခြင်းတို့အတွက် လိမ်းလျှင် လိမ်း၊ ရှူလျှင် ရှူ သုံးစွဲနိုင်ကြောင်း၊ ဆေးအရည်ဖြစ်သည့်အတွက် ပရုတ်ဆီကဲ့သို့ ဆီပေကျံခြင်းမရှိဘဲ ဆေးအနည်း ငယ်သုံးရုံဖြင့် အာနိသင်ထိရောက်မှုရှိကြောင်းသိရသည်။

အိမ်တိုင်းမှာ ရှိသင့်သည့်ဆေးတစ်လက်ဖြစ်ပြီး ကလေးများတွင် ဖြစ်တတ်သော ဗိုက်ရစ်ဗိုက်နာခြင်း၊ နှာရည်ယိုနှာစေးခြင်း၊ အပြင်ထွက် အလုပ်လုပ်ရသော လူငယ်ပိုင်းတွင် အဖြစ်များသည့် ခေါင်းမူးခေါင်းကိုက်ခြင်း၊ အမျိုးသမီးများတွင်အဖြစ်များသော ဇက်ကြောတက်ခြင်း၊ ထုံကျင်ကိုက်ခဲခြင်း၊ လူကြီးများနှင့် တောင်သူလယ်သမားများတွင် အဖြစ်များသော အရိုးအကြော၊ အဆစ်အမြစ်ကိုက်ခဲခြင်း၊ ခါးကိုက်ခြင်း၊ ဒူးနာခြင်းတို့ကို ထိရောက်စွာ သက်သာပျောက်ကင်းစေသည့်အတွက် အိမ်တိုင်းဆောင်ထားသင့်သည့် အရွယ်သုံးပါးမရွေး ချိန်ခါမရွေး အသုံးဝင်သည့် ပုဆိန်တံဆိပ်လေဆေးဆီ ဖြစ်ကြောင်း သိရှိရသည်။

ပုဆိန်တံဆိပ် လေဆေးဆီအပြင် ပုဆိန်ပန်းနီဆီ၊ ပုဆိန်ရှူဆေးတောင့်တို့ကိုလည်း ဖြန့်ဖြူးရောင်းချလျက်ရှိပြီး လက်လီလက်ကား ဝယ်ယူလိုပါက Golden Palace Enterprises Limited အမှတ် (၃၂) လသာလမ်း လသာမြို့နယ် ရန်ကုန် မြို့ ဖုန်း-၀၁-၃၇၇၉၁၄၊၀၉-၉၉၂၃၀၀၄ နှင့် မန္တလေး ဖုန်း-၀၂-၉၁၀၃၆၄၁၇ နှင့် အမြို့မြို့အနယ်နယ်ရှိ ဆေးဆိုင် စတိုးဆိုင်နှင့် တိုင်းရင်းဆေးဆိုင်တိုင်း၌ ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)



နယူး မော်ဒယ် မြန်မာ ဇာတ်ကား သစ်မှ စိုးမြတ်သူဇာနှင့် နေတိုးတို့၏ သရုပ်ဆောင်ဟန်။

ယခုသောကြာပတ် နယူးမော်ဒယ် ရုံတင်

ရန်ကုန် ဇန်နဝါရီ ၁၅

ဇန်နဝါရီ ၁၄ ရက်တွင် ရန်ကုန်မြို့လယ်ရုပ်ရှင်ရုံများ၌ မြန်မာရုပ်ရှင်ဇာတ်ကားသစ် **နယူးမော်ဒယ်** ရုံတင်ပြသသည်။

မီမီကို ဆေး(၁)၏ ဝတ္ထုကို နေစိုးသော် ဇာတ်ညွှန်းရေးသားပြီး ဒါရိုက်တာညွှန့်မြန်မာညီညီအောင်နှင့် တွဲဖက်ဒါရိုက်တာ ကိုသန့်(ဆဲဗင်းဒေး)တို့ ရိုက်ကူးထားသည့် ဤမြန်မာဇာတ်ကားသစ်မှာ မေတ္တာဖွဲ့ဇာတ်ကားဖြစ်သော်လည်း ဟာသရောစွက်ရိုက်ကူးထားသည့်အတွက် ပရိသတ်များမပျင်းမရိ စိတ်လက်ရွှင်မြူးစွာ ကြည့်ရှုနိုင်ကြမည်ဖြစ်သည်။ ရန်အောင်၊ နေတိုး၊ အောင်ဇေ၊ ဇော်ဝမ်း၊ မေသန်းနု၊ စိုးမြတ်သူဇာ၊ သင်ဇာဝင့်ကျော်နှင့် သဇင်တို့ခေါင်းဆောင်ပါဝင်ကြပြီး သမ္မတ၊ သွင်နှင့် မင်္ဂလာရုံသုံးရုံနှင့် မော်တင်ဂျန်းရှင်းတို့တွင် ပြသမည်ဖြစ်သည်။

မြို့လယ်ရုံများတွင် ပြခဲ့သည့် မြန်မာရုပ်ရှင်ကားသစ် **ရင်ဘတ်ကြီးနဲ့ ချစ်လိုက်မယ်** ဇာတ်ကားမှာ ဆုထူးပန်၊ မဟာမြိုင်၊ ရွှေရတနာ(မြောက်ဒဂုံ)ရုံတို့တွင် ဆက်လက်ပြသမည်ဖြစ်ပြီး **ကျောက်စက်ရေ** မြန်မာဇာတ်ကားမှာ ဝဇီရာ(၂)၊ မြရတနာရုံများတွင် ပြသမည်ဖြစ်သည်။ ပြေတီဦး၊ စိုးမြတ်သူဇာနှင့် သက်မွန်မြင့်တို့ ပါဝင်သော ကျောက်သင်ပုန်းတွေ မိုးထားတဲ့အိမ် မြန်မာဇာတ်ကားမှာမူ နဝဒေးရုံတွင် ပြသမည်ဖြစ်သည်။

နိုင်ငံခြားရုပ်ရှင်

ရွှေ့ဆောင်ရုံတွင် နာမည်ကြီး ကိုရီးယားမင်းသားချော ဂျန်ဒေါင်ဂမ်း ပါဝင်သည့် THE WARRIOR'S WAY ဇာတ်ကားနှင့် နေပြည်တော်ရုံတွင် ဂရပ်ဖစ်အစွမ်းများကို ထင်ဟပ်ရိုက်ကူးထားသည့် NARNIA လျှို့ဝှက်ဆန်းကြယ် ဇာတ်ကားများပြသမည်ဖြစ်သည်။

ရန်ကုန်ယူနိုက်တက် F.C ခြေစွမ်းပြအနိုင်ရ

ရန်ကုန် ဇန်နဝါရီ ၁၅

၂၀၁၁ MNL အမှတ်ပေးဘောလုံးပြိုင်ပွဲ ပထမအကျော့ပွဲစဉ်(၁)ကို ယနေ့ညနေ ၄ နာရီက သုဝဏ္ဏကွင်းနှင့် အောင်ဆန်းကွင်းတို့တွင် စတင်ကျင်းပရာ ရန်ကုန်ယူနိုက်တက်အသင်း အနိုင်ရရှိသွားပြီး မကွေး F.C နှင့် ရောဝတီယူနိုက်တက်အသင်းတို့ ဂိုးမရှိသရေကျသွားသည်။

(သုဝဏ္ဏကွင်း)

ရန်ကုန်ယူနိုက်တက် - နှစ်ဂိုး

(ချာလက်စ်အိုဘီနှင့် ဂျူဗီနယ်)

နေပြည်တော် - ဂိုးမရှိ

အပြောင်းအရွှေ့ကာလတွင် နိုင်ငံခြားသား ကစားသမားတစ်ဦး၊ ပြည်တွင်းနာမည်ကြီး ကစားသမားသုံးဦးတို့ကို ခေါ်ယူအားဖြည့်ထားသည့် ရန်ကုန်ယူနိုက်တက်အသင်းမှာ ပွဲဦးထွက် ခြေစွမ်းပြပြီး အနိုင်ပွဲစတင် ရရှိသွားသည်။ ရန်ကုန်ယူနိုက်တက်အသင်းသည် မျိုးမင်းထွန်း၊ ဟန်ဆန်၊ ဂျူဗီနယ်၊ ရာဇာဝင်းသိန်း၊ ဒေးဗစ်ဒန်းတို့ဖြင့် လူစုံပွဲထုတ်ခဲ့ပြီး ခင်မောင်လွင်နှင့် မိုင်းအိုက်နိုင်တို့ကို ဒုတိယပိုင်းကျမှ အသုံးပြုသွားခဲ့သည်။ နည်းပြအဖွဲ့ကို အင်အားထပ်ဖြည့်ထားသလို ပြည်တွင်း၊ ပြည်ပကစားသမားသစ်များစွာ ခေါ်ယူထားသည့် နေပြည်တော်အသင်းမှာ ပွဲဦးထွက် အရှုံးရလဒ်ဖြင့် ရင်ဆိုင်ခဲ့ရသည်။

အပြန်အလှန်

အသစ်ခေါ်ယူထားသည့် တောင်ကိုရီးယား ကစားသမားသုံးဦးကို မိုးဝင်း၊ နေဇော်ထက်၊ အောင်ကျော်ဦး၊ ပြည့်ဖြိုးဦးတို့ဖြင့် တွဲဖက်ပွဲထုတ်လာသည့် နေပြည်တော်အသင်းမှာ ပွဲအစပိုင်းတွင် ဘောလုံးပိုင်ဆိုင်မှုအသာဖြင့် ကစားနိုင်ခဲ့သည်။ ပွဲစကတည်းက နှစ်သင်းစလုံးအပြန်အလှန်ကစားနိုင်ခဲ့ပြီး ၂၆ မိနစ်တွင် ထောင့်ကန်ဘောမှတစ်ဆင့် ဂျူဗီနယ် ခေါင်းတိုက်ချပေးသည်ကို ချာလက်စ်အိုဘီက ခေါင်းတိုက်သွင်းယူခဲ့သောကြောင့် ရန်ကုန်အသင်း ဂိုးစရခဲ့သည်။



သတင်းမှတ်စုနှင့်ဓာတ်ပုံ - ရှိုင်းထက်ဇော်

ရန်ကုန်ယူနိုက်တက် တိုက်စစ်မှူး ချာလက်စ်အိုဘီ၏ ထိုးဖောက်မှုကို နေပြည်တော် F.Cမှ အောင်ကျော်ဦး ဖျက်ထုတ်နေစဉ်။

ဂိုးပေးရပြီးနောက်ပိုင်းတွင် နေပြည်တော်အသင်း ကစားကွက်ပျက်သွားပြီး ရန်ကုန်အသင်း ပိုဖိကစားနိုင်ခဲ့သည်။ မိနစ် ၄၀ တွင် ရန်ကုန်အသင်း ဒုတိယဂိုးရသွားပြီး ရာဇာဝင်းသိန်း ကန်တင်ပေးသည့် ပြစ်ဒဏ်ဘောကို ဘရာဇီး တိုက်စစ်မှူးသစ် ဂျူဗီနယ်က ခေါင်းတိုက်သွင်းယူခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်းတွင် ရန်ကုန်က ပွဲကို ထိန်းကစားသွားပြီး ဂိုးရနိုင်သည့် အခွင့်အရေး လေးကြိမ်ထပ်မံရရှိခဲ့သော်လည်း အသုံးမချနိုင်ခဲ့ပေ။ နေပြည်တော်အသင်း မှ ထက်နိုင်ဝင်း၊ စည်သူသန်းနှင့် တင်ဇော်မိုးတို့ကိုထည့်ကာ တိုက်စစ်အားမြှင့်ခဲ့သော်လည်း ချေပဂိုးရရှိအောင် မစွမ်းဆောင်နိုင်ခဲ့ပေ။

(အောင်ဆန်းကွင်း)

ရောဝတီယူနိုက်တက် - ဂိုးမရှိ

မကွေး F.C - ဂိုးမရှိ

ယနေ့ပွဲ

(သုဝဏ္ဏကွင်း)

Southern Myanmar - ဥသျှောင်ယူနိုက်တက်

(အောင်ဆန်းကွင်း)

မနောမြေ - ကမ္ဘောဇ



(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပန်းတနော် မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ကြီးမှူးကျင်းပသော စံပြမိခင်ကျန်းမာရေးပြိုင်ပွဲ၌ ပထမဆုရရှိသည့် သုံးမွှာပူးမိခင်နှင့် ကလေးအား မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်တင်မေရီ ဆုချီးမြှင့်စဉ်။

(မြို့နယ်စာပေနှင့်စာနယ်ဇင်း)

○ နောက်ဆုံးပေါ်မှ

ရော်ဘာစိုက်ဧက ၁၁ သိန်းကျော် အထိပင် အမြင့်ဆုံး စံချိန်တင်စိုက်ပျိုးနိုင်ခဲ့ပေပြီ။ ရော်ဘာတင်ပို့မှုအပိုင်းတွင်လည်း ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း အမေရိကန်ဒေါ်လာ ၉၀ ဒသမ ၇၃၂ သန်း တန်ချိန် ၂၉၁၈၈ အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။ မလေးရှားနိုင်ငံက ဝယ်လိုအားအများဆုံး ဖြစ်သည်။

သို့ဖြစ်၍ မြန်မာ့ထုတ်ကုန်ရော်ဘာကုန်ကြမ်းများ အရည်အသွေးအဆင့်အတန်းမီ ထုတ်လုပ်နိုင်ရေးအတွက် နောက်ဆုံးပေါ် နည်းပညာရပ်များကို စဉ်ဆက်မပြတ်သုံးစွဲနိုင်ရေးက အဓိကကျလျက်ရှိပေသည်။

ယခုနှစ်ဆန်းပိုင်းက ရော်ဘာအများဆုံးစိုက်ပျိုးရာ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်သို့ ခရီးဆန့်ရင်း ရော်ဘာခြံများကိုလည်း ဝင်ရောက်လေ့လာဖြစ်ခဲ့သေးသည်။

ထိုစဉ်က RF 3 G ကိရိယာနှင့် နည်းပညာသုံးစွဲ၍ ရော်ဘာစေးအထွက်နှုန်း ပိုမိုမြင့်မားရေးအတွက် အသုံးပြုနေကြသည်ကို လေ့လာမိခဲ့သည်။

ယခုနှစ်ကုန်ပိုင်းတွင်မူ ရော်ဘာကုန်ကြမ်း အရည်အသွေးမြင့်မားရေးအတွက် နောက်ဆုံးပေါ်နည်းပညာများကို ဆက်လက်အသုံးပြုလျက်ရှိရာ Hevea နောက်ဆုံးပေါ် ဓာတုဗေဒဆေးမှုန့်ကို အသုံးပြု၍ ရော်ဘာမှိုင်းခံပြားများကို အရည်အသွေး အဆင့်အတန်းမီစွာ စမ်းသပ်ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

ACID Free ဖော်မြူလာဖြစ်သည့် ရော်ဘာ Latex Crystal ဓာတုဗေဒဆေးမှုန့်အနည်းငယ်ကို ရေဖြင့် ရောစပ်၍ ရော်ဘာအစေးများကို မိနစ်ပိုင်းအတွင်းခဲခြင်းကို တာဝန်ရှိသူများက မွန်၊ ကရင်နှင့် ပဲခူးတိုင်းဒေသကြီးရှိ ရော်ဘာခြံများတွင် စမ်းသပ်သရုပ်ပြခြင်း ပညာပေးအစီအစဉ်များကို ဆောင်ရွက်ခဲ့ရာ ဒေသခံရော်ဘာလုပ်ငန်းရှင်များနှင့် တောင်သူများ အထူးစိတ်ဝင်စားခဲ့ကြသည်။

ယခင်ကမူ ရော်ဘာအစေးခဲရာတွင် အက်စစ်အသုံးပြု၍ ခဲကြကြောင်းသိရသည်။ သို့ဖြင့် ဘေးထွက်ဆိုးကျိုးများသည်။ အက်စစ်ဖြင့် ရေရောစပ်ဖျော်ရ၍ လုပ်သားများမတော်တဆဖြစ်မှု၊ အခြောက်ခံရာတွင်လည်း အက်စစ်ရေများ စီးကျမှုကြောင့် မြေဆီလွှာနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု၊ မှိုင်းခံရာတွင်လည်း လက်ကျန်အက်စစ်အရည်များကြောင့် မှိုင်းခံရုံများ မကြာခဏ မီးကူးစက်လောင်ကျွမ်းမှုစသည့် ဘေးထွက်ဆိုးကျိုးများပါပေ။

ယခု Hevea နောက်ဆုံးပေါ် ဓာတုဗေဒဆေးမှုန့်မှာမူ ဆေးမှုန့် ၁၀၀ ဂရမ်ကို ရေတစ်လီတာဖြင့် ရောစပ်အသုံးပြုရခြင်းဖြစ်ပြီး ဘေးထွက်ဆိုးကျိုးလုံးဝမရှိခြင်း၊ အသက်အရွယ်မရွေး လုပ်သားတိုင်း အသုံးပြုနိုင်ခြင်း၊ ရော်ဘာပြားထွက်ရှိရာတွင်လည်း ပို၍ချောမွေ့မှုရှိခြင်း၊ အရောင်ပိုလှခြင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းနိုင်ခြင်း၊ စီးပွားရေးအရ တွက်ခြေပိုကိုက်ခြင်းတို့ကြောင့် ဒေသခံရော်ဘာစိုက်တောင်သူများနှင့် ရော်ဘာလုပ်ငန်းရှင်များ ပိုမိုစိတ်ဝင်စားလျက်ရှိကြောင်း တာဝန်ရှိသူများထံမှ ကြားသိရသည်။

အလားတူ လက်ရှိအာဆီယံဒေသတွင်း နိုင်ငံများတွင် အသုံးပြုနေကြသည့် အစေးလုံးဝမထွက်သည့် ရော်ဘာပင်များ၊ အစေးအနည်းငယ်ထွက်သည့် ရော်ဘာပင်နှင့် ရာနှုန်းပြည့်အစေးထွက်သည့် ရော်ဘာပင်များကို အပင်၏ အားဆေးအဖြစ် ပက်ဖျန်းပေးရသည့် Hevea TPD ဆေးကိုလည်း စမ်းသပ်သရုပ်ပြလျက်ရှိကြောင်း သိရသည်။

အဆိုပါ နောက်ဆုံးပေါ်နည်းပညာရပ်များကို ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ တနင်္သာရီတိုင်းဒေသကြီးရှိ မြိတ်နှင့် ထားဝယ်ဒေသများ၌လည်း စမ်းသပ်သရုပ်ပြ ပညာပေးအစီအစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

နောက်ဆုံးပေါ် နည်းပညာရပ်များကို စဉ်ဆက်မပြတ် စမ်းသပ်လက်တွေ့အသုံးပြုခြင်းဖြင့် အနာဂတ်တွင် မြန်မာ့ထုတ်ကုန် ရော်ဘာကုန်ကြမ်းများ ပိုမိုအရည်အသွေး အဆင့်အတန်းမီစွာ ထုတ်လုပ်နိုင်မည်ဖြစ်သည်။

သို့ဆိုလျှင် ကမ္ဘာ့လက်ရှိ ပေါက်ဈေးအတိုင်း တင်ပို့ရောင်းချနိုင်ရုံသာမက ဈေးကွက်သို့ တိုက်ရိုက်တင်ပို့နိုင်ခြင်း၊ ဈေးကွက်သစ်များ ဆက်လက်တိုးချဲ့နိုင်ခြင်း စသည့် အကျိုးရလဒ်များကိုလည်း ဒွန်တွဲရရှိနိုင် မည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပေသည်။ ။

မွန်ပြည်နယ်အတွင်းရှိ ရော်ဘာလုပ်သားများအား တာဝန်ရှိသူများက လက်တွေ့သရုပ်ပြမှု အသိအမှတ်ပြုလက်မှတ် ပေးအပ်စဉ်။

Havea TPD ဆေးဖျန်း၍ ပင်စည်မျက်နှာပြင်ခြောက်သွေ့မှုမှ ကာကွယ်ခြင်းနှင့် ပင်စည်ဖွံ့ဖြိုးမှုမှတစ်ဆင့် အစေးထွက်ကောင်းမွန်လာစေရန် သရုပ်ပြစဉ်။

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ရော်ဘာခြံတစ်ခုတွင် ရော်ဘာပင်စည် သက်သာမှုရှိစေရန် စနစ်တကျအစေးခြစ်မှုကို သရုပ်ပြစဉ်။

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၇)၊ အမှတ်(၃) ထွက်ရှိ

ရန်ကုန် ဇန်နဝါရီ ၁၅

ယခုတစ်ပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၇) အမှတ်(၃)၌ နှစ် ၂၀ ကျော်ကာလအတွင်း ပထမအကြိမ်လွှတ်တော်ခေါ်ပြီ၊ အန္တရာယ်ဖြစ်စေသော ပုံပြောင်းဆီများ မြန်မာနိုင်ငံတွင် ပြန်လည်ရောင်းချမှုများရှိနေ၊ ဂြိုဟ်ပြာတစ်ခုလနှင့်ယှဉ်လျက်ဖြစ်ပွားမှု မိုးကုတ်မြို့မှ မြင်တွေ့ခဲ့၊ ငါးသိန်းစပေးရုံဖြင့် ကွန်ဒိုတိုက်ခန်းပိုင်နိုင်ပြီ၊ ကိုရီးယားမှ ကန်ဒေါ်လာခုနစ်သန်းခွဲတန်ဖိုးရှိ ဆေးဝါးများ မြန်မာက မကြာမီတင်သွင်းမည်၊ ၂၀၁၁ နှစ်ဆန်း အခြေခံစားကုန်ဈေးကွက်စသည့် ပြည်တွင်းရေးရာ သတင်းများ၊ HIV က လူကလွဲလို့ အခြားသတ္တဝါတွေနဲ့ အသုံးအဆောင်တွေမှာ မရှင်သန်နိုင်ဘူး၊ MBCA မှ ဒေါက်တာနွယ်နွယ်ဦးနှင့် ဖလားဝါးနယူးစ်ဂျာနယ်တို့ တွေ့ဆုံခြင်း၊ အယ်ဒီတာ့ထံပေးစာ၊ အုပ်ချုပ်သူ(ဝါ) အစိုးရ ဟူသည်၊ လောကဓံတရားနှစ်ပါးအပေါ် ရင်ဆိုင်နည်း၊ မင်္ဂလာမှ မင်္ဂလာပါ၊ ဂျက်လေစီးကြောင်းကြောင့် အအေးပို ကဲ့သို့သော ဖတ်စရာမှတ်စရာ သတင်းဆောင်းပါး များဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာပြီဖြစ်သည်။

နိုင်ငံတကာအင်တာဗျူးဆောင်းပါးနှင့်အတူ အိန္ဒိယနှင့် အကျင့်ပျက်မှုရေသောက်မြစ်ကိုရှာဖွေခြင်း၊ စားသောက်ကုန်ဈေးနှုန်းမြင့်မားမှု ကုလသမဂ္ဂမှ ကမ္ဘာလုံးဆိုင်ရာ သတိပေးနှိုးဆော်မှုပြု၊ အမေရိကန်စာသင်ခန်းများတွင် iPad သည်သင်ကြားရေးအတွက် မရှိမဖြစ်ကိရိယာတစ်ခုဖြစ်လာဖွယ်ရှိ၊ ဟောင်ကောင်ကို ပုံတူပွားမည်၊ ၂၀၁၀ အတွင်း ဖြစ်ပွားခဲ့သော သဘာဝကပ်ဘေးများ၊ သတင်းထောက်ကို စော်ကားခြိမ်းခြောက်မှုပြုသည့် ဒီဇိုင်နာတရားစွဲခံရ၊ အရီဇိုးနားပြည်နယ်တွင် လွှတ်တော်အမတ်တစ်ဦး သေနတ်ဖြင့် ပစ်သတ်ခံရ၊ မလေးတွင် ကမ္ဘာလှည့်ခရီးသွားတစ်ဦးအား ခွေးနှစ်ကောင်က အသေကိုက်သတ်၊ မိမိ၏ချစ်သူ လက်ထပ်ထားပြီးရှိ၊ မရှိ အွန်လိုင်းပေါ်တွင် အချက်အလက်ရှာဖွေကြည့်ရှုနိုင်တော့မည်၊ တရုတ်တွင် ဝိုင်၊ တိုဟူးနှင့် ကြက်ဥအတု ပြဿနာများထပ်မံဖြစ်ပွားစသည့် နိုင်ငံတကာသတင်းများ၊ သတင်းဓာတ်ပုံများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများစုံလင်စွာဖြင့် e-Empire Media House မှ မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ (သတင်းစဉ်)

တမူးခရိုင် ခါမ်းပါတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဗိုလ်ချုပ်လမ်း လမ်းဘေးဝဲ၊ ယာ အုတ်စီကပ်တုံးပြုလုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို မြို့နယ်တာဝန်ခံ ဦးအေးမင်းထွန်း ကွင်းဆင်းစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဇော်ခင် ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဇန်နဝါရီ ၁၁ ရက်က ချောင်းဦးမြို့နယ် မြို့မဈေး သန့်ရှင်းသပ်ရပ်မှု၊ ဈေးလုံခြုံရေးအခြေအနေများကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဖြိုးမင်းထိုက်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးကျော်သက်ထွန်း၊ မြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးအေးမင်းသန်း၊ မြို့နယ်မီးသတ် ဒုတိယမြို့နယ်မှူး ဦးမင်းဇော်၊ စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးကျော်စိုးနှင့် ဝန်ထမ်းများ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မြစ်ကြီးနား ယုဇနရပ်ကွက် ကတ္တရာလမ်းသစ်ခင်း

မြစ်ကြီးနား ဇန်နဝါရီ ၁၅

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့တွင်းလမ်းများကောင်းမွန်ချောမွေ့စေရန် ကတ္တရာလမ်းသစ်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယုဇနရပ်ကွက် ယန္တရားလမ်း ကတ္တရာလမ်းသစ်ခင်းခြင်း ဆောင်ရွက်နေမှုကို ဇန်နဝါရီ ၆ ရက်က ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ(ဒုတိယညွှန်ကြားရေးမှူး) ဦးစိုးနိုင်နှင့် အင်ဂျင်နီယာမှူး ဦးခင်မောင်မြင့်တို့က လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြသည်။

(မြို့နယ်စည်ပင်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၆-၁-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၇း၀၄ ၃။ နိုင်ငံတော်သီချင်း
၇း၀၅ ၄။ တရားတော်
၇း၁၅ ၅။ ဓမ္မပူဇာတေး
၇း၂၀ ၆။ မျိုးချစ်တပ်မတော်
၇း၂၅ ၇။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၃။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၄။ ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ မြဝတီအဖွင့်
၁၁း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၁၁း၀၄ ၃။ နိုင်ငံတော်သီချင်း
၁၁း၀၅ ၄။ အဖွင့်သီချင်း
၁၁း၁၀ ၅။ မျိုးချစ်တပ်မတော်
၁၁း၃၀ ၆။ **ကာတွန်းအစီအစဉ် -ချစ်မိတ်ဆွေဗလကြီး (အပိုင်း-၂၂)**
၁၁း၅၅ ၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ပျောက်ဆုံးသွားသော အမှတ်တရများ**
၁၂း၃၀ ၈။ ကျန်းမာသုတ
၂း၀၀ ၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်မျက်ရည်လေး ပြယ်ပါစေ (အပိုင်း-၃၃)**
၂း၅၀ ၁၀။ အပိတ်နှုတ်ဆက်စကား
၂း၅၅ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၄း၀၄ ၃။ နိုင်ငံတော်သီချင်း
၄း၀၅ ၄။ အဖွင့်သီချင်း
၄း၁၀ ၅။ မျိုးချစ်တပ်မတော်
၄း၂၀ ၆။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၄း၃၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
၄း၃၅ ၈။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
၄း၄၀ ၉။ မြန်မာ့ရှုခင်း
၄း၄၅ ၁၀။ ကြိုတင်တားဆီးရန်သူမီး
၄း၅၀ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၂၀ ၁၂။ ဒီဇိုင်နာတို့ရဲ့ဒီဇိုင်း
၆း၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀ ၁၄။ အမျိုးသားရေးတေးကဗျာ
၆း၃၀ ၁၅။ ဘဝကြေးမုံ -ဈေးဦးပေါက် (ပိုင်သိခ်၊ ဟန်လေး) [ဒါရိုက်တာ-ဆဲဗင်း(အိုင်စီ)]
၆း၅၀ ၁၆။ ဂင်းနစ်ကမ္ဘာ့စံချိန်တင် ပြိုင်ပွဲများ
၇း၀၀ ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အိပ်မက်ကောင်းကင် (အပိုင်း-၂၃)**
၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ နိုင်ငံတကာသတင်း
၂၁။ မိုးလေဝသသတင်း
၂၂။ လျှပ်တစ်ပြက်
၂၃။ ကျန်းမာသုတ
၂၄။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဘတစ်ပြန်ကျားတစ်ပြန် (အပိုင်း-၁)**
၂၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အိမ်အပြန်လမ်း (အပိုင်း-၂၀)**
၂၇။ သင့်အတွက်မနက်ဖြန်
၂၈။ အပိတ်နှုတ်ဆက်စကား
၂၉။ ပြီးပါပြီ။

✪ ကျောဖုံးမှ
LED-1 Watt မီးလုံး အလုံး ၆၀ ပါတိုင် တို့ပါဝင်သည်။ တိုင်တစ်ခုစီတွင် 12 V ဘက်ထရီတစ်လုံး၊ Solar Cherger တစ်ခု၊ ညအခါ အလိုအလျောက်မီးဖွင့်၊ ပိတ်စနစ်ပါ Sensor တစ်ခုစီပါဝင်ပါသည်။ တိုင်အမြင့်မှာ ပေ ၂၀ ခန့်ရှိပါသည်။

LED အလုံး ၃၀ ပါ မီးတိုင်တစ်ခုသည် ငွေကျပ် သုံးသိန်းခန့် ကုန်ကျပြီး LED အလုံး ၆၀ ပါ မီးတိုင်တစ်ခုသည် ငွေကျပ်လေးသိန်းခွဲခန့် ကုန်ကျပါသည်။ ယခု မီးတိုင်များသည် DC လျှပ်စစ်ကို တိုက်ရိုက်အသုံးပြုထားပါသည်။ Solar ပြား၏ သက်တမ်းမှာ ၁၀ နှစ်ကျော်ရှိပါသည်။ မီးလုံးသက်တမ်းမှာ နာရီ ၁၀၀၀၀ ကျော်ခံပါသည်။ ထို့ကြောင့် နှစ်ရှည်ခံမီးတိုင်ဖြစ်ပါသည်။

ယခုအခါ ဆိုလာပြားများနှင့် LED မီးလုံးများကို ပြည်တွင်းမှာပင် ထုတ်လုပ်ရရှိနေသဖြင့် နောက်ပိုင်းတွင် ယခု ဆိုလာပြားတိုင်များကို ကျေးရွာများသို့တိုင် အသုံးပြုနိုင်တော့မည်ဖြစ်ပါသည်။ ယနေ့လက်ရှိ ဆိုလာပြားတစ်ချပ်၏ နိုင်ငံတကာပျမ်းမျှဈေးနှုန်းမှာ 1 Watt လျှင် နိုင်ငံခြားငွေ နှစ်ဒေါ်လာခန့် ရှိပါသည်။

ယခုအခါ ကမ္ဘာ့နိုင်ငံအသီးသီးတွင် စွမ်းအင်သုံးစွဲမှု များပြားလာနေသောကြောင့် မလိုအပ်ဘဲ အသုံးပြုနေသော စွမ်းအင်ဖြုန်းတီးမှုများ မရှိစေရန် စွမ်းအင်စစ်ဆေးရေးအဖွဲ့ (Energy Ordit)များ ဖွဲ့စည်းထားကြပါသည်။ ၎င်းအဖွဲ့အနေနှင့် ပုဂ္ဂလိက ကုမ္ပဏီများ၊ ဝန်ကြီးဌာနများ၊ ပြည်သူများမှ အမှန်တကယ် အသုံးပြုရန်လိုအပ်သည့် စွမ်းအင်များကိုသာ အသုံးပြုရန်ဖြစ်ပြီး အမှတ်တမဲ့ ဖြုန်းတီးနေသော စွမ်းအင်များကို မရှိစေရန် လိုက်လံစစ်ဆေး၊ အရေးယူသောအဖွဲ့ ဖြစ်ပါသည်။ ယခုအခါ ပုဂ္ဂလိကရုံးများ၊ အစိုးရရုံးများမှာပင် နေ့အချိန်အလင်းရောင်ရှိပါလျက်နှင့် မီးချောင်းများ ထွန်းထားခြင်း၊ လေအေးပေးစက်များကို တစ်လုံးတည်းနှင့် လုံလောက်ပါလျက်နှင့် ပိုမိုအသုံးပြုခြင်း၊ ညနေရုံးဆင်းချိန်များတွင် အသုံးပြုသည့် လျှပ်စစ်မီးများကို မေ့လျော့စွာ မပိတ်ဘဲထားခဲ့ခြင်းတို့သည် စွမ်းအင်ကို ဖြုန်းတီးရာ ရောက်ပါသည်။

စာရေးသူ သွားရောက်လေ့လာခဲ့သော "ထိုင်း"နိုင်ငံ ဟွာဟင်း(Hua Hin)မြို့အနားတွင် နေရောင်ခြည်စွမ်းအင်သုံးဆိုလာပြားများဖြင့် ၆ ဒသမ ၆၉၇ မဂ္ဂါဝပ် လျှပ်စစ်ထုတ်လုပ်သည့် ဆိုလာပါဝါပြားပေါင်း ၃၉၀၀၀ ဖြင့် တပ်ဆင်ထားသော ဆိုလာပြားကွင်းပြင်ကြီးကို တွေ့ရပါသည်။ လယ်ကွင်းထဲမှ စပါးပင်များကဲ့သို့ တစ်မျှော်တစ်ခေါ် မျက်စိတစ်ဆုံး ကျယ်ဝန်းများပြားလှ၍ မော်တော်ကားများဖြင့် လှည့်ပတ်ကြည့်ရှုရပါသည်။

ဗန်ကောက် ဆိုလာပါဝါကုမ္ပဏီ (Bangkok Solar Power Company-BSC)သည် ၂၀၀၇ ခုနှစ် မတ်လ ၇ ရက်နေ့မှစ၍ ရင်းနှီးငွေဘတ်သန်း ၁၈၀ ဖြင့် စတင်ပြီး ဆိုလာပြားများကို စတင်ထုတ်လုပ်ခဲ့ပါသည်။ ထိုကုမ္ပဏီမှပင် စက်ရုံများထောင်ကာ လျှပ်စစ်ကေဘယ်ကြိုးများ၊ အင်ဗာတာများ (Invertor)၊ ထရန်စဖော်မာ (Transformer) များနှင့် အခြားလျှပ်စစ်သုံးပစ္စည်းများကို ထုတ်လုပ်ရောင်းချနေပါသည်။ ယခုအခါ ရင်းနှီးမြုပ်နှံမှု ငွေဘတ်သန်း ၂၅၀၀ ထိ ရောက်ရှိနေပါသည်။

ရန်ကုန်တိုင်းဒေသကြီး ပြန်ပြည့်မြဲစွမ်းအင်ကော်မတီအနေဖြင့် မြန်မာနိုင်ငံအတွင်း ဝင်ရောက်လာသော ဆိုလာပြားများကို ၎င်းတို့သတ်မှတ်ထားသည့် ပါဝါပြည့် မပြည့်နှင့်၊ မြန်မာနိုင်ငံ၏ နေရောင်ခြည်ရရှိမှုတို့နှင့် အသုံးပြုရာတွင် မည်သို့အသုံးပြုနိုင်သည်တို့ကို သုတေသနပြု စမ်းသပ်အသုံးပြုနေပါသည်။ ယခုအခါ ပြည်တွင်းမှလည်း အဆင့်မီကောင်းမွန်သော ဆိုလာပြားများ ထုတ်လုပ်နေပြီဖြစ်သဖြင့် ပိုမိုလွယ်ကူ၊ သက်သာစွာနှင့် စိတ်ချယုံကြည်စွာ အသုံးပြုနိုင်တော့မည်ဖြစ်ပါသည်။

ယနေ့ကမ္ဘာ့နိုင်ငံများတွင် နေအိမ်နှင့် စက်ရုံ အလုပ်ရုံများ၌ အလင်းရောင်ရရှိရေးအတွက် အသုံးပြုရသော မီးချောင်း၊ မီးလုံးများနေရာတွင် LED မီးချောင်း၊ မီးလုံးများကို အစားထိုး အသုံးပြုနေကြပါသည်။ ၎င်းမီးလုံးများသည် လျှပ်စစ်စွမ်းအင်အင်အားဝပ် (Watt)အနည်းငယ်မျှ အသုံးပြုရုံဖြင့် အလင်းပြင်းအား များစွာရရှိနိုင်ပါသည်။ ထို့ကြောင့် လျှပ်စစ်စွမ်းအင် ကုန်ကျမှုကို များစွာ သက်သာစေပါသည်။ အိမ်တစ်အိမ်၏ မီတာခကို များစွာသက်သာစေမည်ဖြစ်ပါသည်။

နေရောင်ခြည်စွမ်းအင်သုံး မီးတိုင်များကို အသုံးပြုခြင်းဖြင့် နိုင်ငံတော်မှ ပြည်သူများအတွက် ငွေကြေးများစွာ အကုန်အကျခံ ဆောက်လုပ်နေသော ရေအားလျှပ်စစ်စီမံကိန်းများ၊ သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၊ ကျောက်မီးသွေးသုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံများမှ ထွက်ရှိသည့် လျှပ်စစ်စွမ်းအင်ကို အသုံးမပြုသဖြင့် လျှပ်စစ်ဓာတ်အားကို တစ်ဖက်တစ်လမ်းမှ ချွေတာပေးရာ ရောက်ပါသည်။ ထို့ပြင် ယနေ့ကမ္ဘာတွင် ရာသီဥတုပြောင်းလဲမှုများ ဖြစ်ပေါ်စေသည့် ကမ္ဘာကြီးပူနွေးမှုနှင့် ကာဗွန်ဒိုင်အောက်ဆိုဒ်များစွာ ထုတ်လွှင့်ခြင်းတို့ကို မဖြစ်ပေါ်စေနိုင်ပါ။

ထို့ပြင် အိမ်များတွင် အလွယ်တကူ သုံးနိုင်သည့် 1 Watt ဆိုလာသုံး မီးအိမ်နှင့် 2 Watt ဆိုလာသုံး မီးအိမ်များကို ထုတ်လုပ်ထားပါသည်။ မီးအိမ်တစ်ခုလျှင် ဆိုလာပြားအသေးတစ်ချပ် 4 V သို့မဟုတ် 5 V ဘက်ထရီတစ်လုံးစီနှင့် LEDအလုံး ၃၀ မီးလုံးများပါရှိပါသည်။ နေရောင်ခြည်တွင် တစ်နေ့ ၇ နာရီခန့် ဆိုလာပြားကိုထား၍ အားသွင်းထားပါက တစ်ည ၅ နာရီခန့် လျှပ်စစ်မီးကောင်းစွာရရှိပါသည်။ ၁၀ ပေ ပတ်လည် အခန်းတစ်ခန်းအား အလင်းရောင်လုံလောက်စွာ ရရှိနိုင်ပါသည်။ မီးအိမ်တစ်ခုလျှင် 1 Watt တစ်စုံ ၅၅၀၀ ကျပ်နှင့် 2 Watt တစ်စုံ ၁၀၀၀၀ ကျပ် တန်ဖိုးရှိပါသည်။ လျှပ်စစ်ဓာတ်အား မရရှိသေးသည့် ကျေးရွာများ၊ ဆေးပေးခန်းများ၊ ငါးဖမ်းလှေများနှင့် ညအခါ အလုပ်လုပ်ရသည့်သူများအတွက် များစွာအသုံးဝင်ပါသည်။

ထို့ကြောင့် သဘာဝမှပေါများစွာ အခမဲ့ပေးနေသော နေရောင်ခြည်စွမ်းအင်ကို ယခုကဲ့သို့ ဆိုလာသုံးလျှပ်စစ်စွမ်းအင်အဖြစ် ပြောင်းလဲအသုံးပြုခြင်းဖြင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရာရောက်သည့်အပြင် နိုင်ငံတော်၏ လျှပ်စစ်စွမ်းအားကုန်ကျစရိတ်ကိုလည်း တစ်ဖက်တစ်လမ်းမှ ကူညီရာရောက်ရှိနိုင်သောကြောင့် နေစွမ်းအင်ကို အစွမ်းကုန်အသုံးချကြပါရန် ရေးသားတင်ပြလိုက်ရသည်။ ။

ရန်ကုန်တိုင်းဒေသကြီး သာကေတစက်မှုဇုန်တွင် တပ်ဆင်ထားသော ဆိုလာမီးတိုင်ပုံ။

ထိုင်းနိုင်ငံ ဟွာဟင်းမြို့အနီးရှိ ဆိုလာပြားများဖြင့် လျှပ်စစ်ဓာတ်အားပေးနေသော ဆိုလာကွင်းပြင်သို့ ရောက်ခဲ့စဉ်။

(၅၇) ကြိမ်မြောက်
မြန်မာနိုင်ငံဆရာဝန်ညီလာခံ

(၂၀၁၁) ခုနှစ် ၊ ဇန်နဝါရီလ (၁၉)ရက် မှ (၂၂)ရက်နေ့ အထိ
အမှတ်- ၂၄၉ ၊ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၆-၁-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀	၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၅	၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇း၂၅	၃။ ကျန်းမာဖို့အတူကစားစို့
၇း၃၀	၄။ နံနက်ခင်းသတင်း
၇း၄၀	၅။ သံသာချိုအေးမင်္ဂလာတေး
၇း၅၀	၆။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈း၁၀	၇။ အတီးပြိုင်ပွဲ
၈း၂၅	၈။ "အသက်ကလေးရယ်တဲ့ ရှည်စေလို"
၈း၄၀	၉။ International News
၈း၄၅	၁၀။ တေးဂီတအစီအစဉ်
၉း၀၀	၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀	၁။ စစ်သည်တေး
၁၁း၁၀	၂။ တေးဂီတအစီအစဉ်
၁၁း၂၀	၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁း၃၀	၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြိုးတစ်မျှင်" (အပိုင်း-၈)**
၁၂း၃၀	၅။ Golf Magazine (TV)
၁၂း၅၀	၆။ **မြန်မာရုပ်ရှင်"ခုနစ်စဉ်အလွမ်း" (သုမောင်၊ ခင်သန်းနု၊ စုလှိုင်နှင်း) (ဒါရိုက်တာ-မောင်ဝဏ္ဏ)**
၂း၅၀	၇။ International News
၃း၀၀	၈။ အစီအစဉ်ပြီး၏။

ညပိုင်း

၃း၄၅	၁။ Myanmar National League MNL Cup (2011) ဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် ဆောက်သမ်မြန်မာအသင်းနှင့် ဉဿာယူနိုက်တက်အသင်း)
၅း၄၅	၂။ တေးဂီတအစီအစဉ်
၆း၀၀	၃။ ညနေခင်းသတင်း
၆း၁၅	၄။ မိုးလေဝသအခြေအနေ
၆း၂၀	၅။ **ကာတွန်းအစီအစဉ် "ကွမ်တမ်မင်း" (အပိုင်း-၆)**
၆း၄၀	၆။ **တစ်မျက်နှာ၊ တစ်ကွက်စာ (မိုးထက်ပိုင်၊ သီရိရှင်းသန့်၊ ရွှန်းရွှန်း၊ ဒေါ်နွဲ့နွဲ့စန်း) (ဒါရိုက်တာ-လင်းထွဋ်မောင်)**
၇း၀၀	၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "စမ်းရေပမာ" (အပိုင်း-၁၅)**
၈း၀၀	၈။ ပြည်တွင်းသတင်း
	၉။ နိုင်ငံတကာသတင်းများ
	၁၀။ မိုးလေဝသအခြေအနေ
	၁၁။ **ကာတွန်းအစီအစဉ် "တောကောင်ငယ် သိုင်းညီနောင်လေးများ" (အပိုင်း-၉၂)**
	၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ဘဝမိုးတိမ်" (အပိုင်း-၂၈) (ဇာတ်သိမ်းပိုင်း)**
	၁၃။ အစီအစဉ်ပြီး၏။

မင်္ဂလာတောင်ညွန့်မြို့နယ် အထက(၇) ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲတွင် အဋ္ဌမတန်း မြို့နယ်အဆင့် သမိုင်းဘာသာ ထူးချွန်ဆုရရှိသူ မောင်ဟိန်းထက်ဇင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းဌေး ဂုဏ်ပြုဆုနှင့် ဆုတံဆိပ်ချီးမြှင့်စဉ်။ (ကြေးမုံ)

ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့
သဘာဝတောတွေ ထိန်းသိမ်းစို့

နွားနို့စစ်စစ် Polar နို့မှုန့်များ ဈေးကွက်တွင် ဖြန့်ဖြူး

ရန်ကုန် ဇန်နဝါရီ ၁၅

နယူးဇီလန်နိုင်ငံမှ ထုတ်လုပ်သည့် နို့မှုန့်များကို Lucky Bee Industry Co., Ltd. မှ တိုက်ရိုက်တင်သွင်းကာ ဈေးကွက်အတွင်း လွယ်လင့်တကူ ဝယ်ယူစားသုံးနိုင်အောင် Polar အမှတ်တံဆိပ်ဖြင့် ဖြန့်ချိလျက်ရှိကြောင်း သိရသည်။

Polar အမှတ်တံဆိပ်နို့မှုန့်မှာ သဘာဝနွားနို့ထဲက ရေကို ဖယ်ထုတ်ကာ နို့ကို အရည်မှ အမှုန့်ပြုလုပ်ထားခြင်းဖြစ်၍ နွားနို့စစ်စစ်ဖြစ်ကြောင်း အာမခံကြောင်း၊ ရေဖယ်ထုတ်ထားသော နို့မှုန့်ကို Polar အမှတ်တံဆိပ်ဖြင့် Full Cream Milk Powder (Sugar Added) နှင့် Full Cream Milk Powder (Instant Fortified) ဟူ၍ နှစ်မျိုးနှစ်စား ထုတ်လုပ်ဖြန့်ချိလျက်ရှိကြောင်း သိရသည်။

Polar Full Cream Milk Powder (Sugar Added) ကို အသင့်သောက်သုံးနိုင်ရန် သန့်စင်ထားသော သကြားတစ်မျိုးတည်းသာ ရောစပ်၍ 20 gm အထုပ်ကလေးများဖြင့် ထုပ်ပိုးဖြန့်ချိလျက်ရှိကြောင်း၊ 20 gm တစ်ထုပ်ကို ရေနွေး သို့မဟုတ် ရေကျက်အေး တစ်ခွက်နှင့် ဖျော်ရုံဖြင့် အာဟာရကြွယ်ဝသော သဘာဝနွားနို့စစ်စစ် တစ်ခွက်ကို ငွေကျပ် ၁၀၀ ဖြင့် လွယ်ကူစွာ သောက်သုံးနိုင်ကြောင်း၊ နွားနို့ကို ရေဖယ်ထုတ်၍ အမှုန့်ပြုထားသဖြင့် ကြာရှည်စွာ ထားသိုသောက်သုံးနိုင်ခြင်း၊ နေရာတိုင်းသို့ လွယ်လင့်တကူ သယ်ယူသွားနိုင်ခြင်း၊ ကြာရှည်စွာ သိမ်းထားနိုင်ရန် နွားနို့ကဲ့သို့ ရေခဲသေတ္တာစသည့် မလိုအပ်ခြင်း၊ ရေကျက်အေး သို့မဟုတ် ရေနွေးတစ်ခွက်ရှိရုံဖြင့် နေရာမရွေး၊ အချိန်မရွေး လွယ်လင့်တကူ ဖျော်စပ်သောက်သုံးနိုင်ခြင်းစသည့် အကျိုးကျေးဇူးများလည်း ရရှိနိုင်ကြောင်း သိရသည်။

Polar နို့မှုန့်သည် မွေးကင်းစကလေးငယ်များနှင့် တစ်နှစ်အောက်နို့စို့အရွယ်ကလေးများ သောက်ရန် နို့မှုန့်အမျိုးအစားမဟုတ်ဘဲ မလိုင်ပြည့်နို့မှုန့်ဖြစ်သဖြင့် ကလေး၊ လူငယ်၊ လူကြီးများ ကိုယ်ခန္ဓာကြီးထွားသန်စွမ်းစေရန်၊ အရိုးအဆစ်များ သန်မာစေရန်နှင့် ကုန်ခန်းသွားသော အားအင်များ ပြန်လည်ပြည့်ဖြိုးစေရန် နေ့စဉ် သောက်သုံးသင့်ကြောင်း၊ ဓာတုဗေဒပစ္စည်းများ မပါဝင်သည့်အပြင် ကျန်းမာရေးဦးစီးဌာန အစားအသောက်နှင့် ဆေးဝါး ကွပ်ကဲရေးဌာန၏ စစ်ဆေးမှုခံယူထားပြီးဖြစ်ကြောင်း သိရသည်။

Polar နို့မှုန့်နှင့် ပတ်သက်၍ စက်ရုံ အမှတ်(၁၅၈) စက်မှု(၂)လမ်း ရွှေပြည်သာစက်မှုဇုန်(၁)နှင့် ရုံးချုပ် အမှတ်(၉၅) မြေညီထပ် ဗိုလ်ဆွန်ပက်လမ်း (မဟာဗန္ဓုလလမ်းအနီး) ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၆၅၁၀ နှင့် ၂၅၂၈၁၂ တို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ပထမအကြိမ် မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌဖလားနှင့် မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်ဖလား မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၅

မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းကျင်းပမည့် ၂၀၁၁ခုနှစ် ပထမအကြိမ် မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌဖလားနှင့် မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်ဖလား မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၆ ရက်မှ ၂၀ ရက်အထိ မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့ အားကစားကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲတွင် အမှတ်ခတ်ပြိုင်ပွဲနှင့် အလှခတ်ပြိုင်ပွဲဟူ၍ နှစ်မျိုးသတ်မှတ်ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲအမျိုးအစားများမှာ ဝိုင်းဖွဲ့အမှတ်ခတ် အမျိုးသား (၆) ပေါက်တန်းပြိုင်ပွဲ၊ ဝိုင်းဖွဲ့အမှတ်ခတ် အမျိုးသား လူသစ်တန်း (၄)ပေါက်တန်းပြိုင်ပွဲ၊ ဝိုင်းဖွဲ့အမှတ်ခတ် အမျိုးသမီး (၄) ပေါက်တန်းပြိုင်ပွဲ၊ ဝိုင်းဖွဲ့အလှခတ် အမျိုးသားအလွတ်တန်းပြိုင်ပွဲနှင့် ဝိုင်းဖွဲ့အလှခတ် အမျိုးသမီးပြိုင်ပွဲများဖြစ်သည်။

ယင်းပြိုင်ပွဲများ၏ ပြိုင်ပွဲတစ်မျိုးလျှင် ပထမ ဆုကြေးငွေကျပ် ၁၅ သိန်း၊ ဒုတိယ ဆုကြေးငွေကျပ် ၁၀ သိန်း၊ တတိယ ဆုကြေးငွေကျပ် ငါးသိန်း ချီးမြှင့်မည့်အပြင် အကောင်းဆုံးအားကစားသမားဆုများကိုလည်း ချီးမြှင့်မည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်ကြမည့် မြန်မာ့ရိုးရာခြင်းလုံးအသင်းများကို ထောက်ပံ့ကြေးများ ပေးအပ်မည်ဖြစ်ရာ ပုဂံနှင့် ညောင်ဦးမြို့နယ်အသင်းများကို တစ်သင်းလျှင် ထောက်ပံ့ငွေကျပ် ငါးသောင်းစီ ပေးသွားမည်ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးနှင့် အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ပါဝင်ယှဉ်ပြိုင်ကြမည့် အသင်းများအား တစ်သင်းလျှင် ထောက်ပံ့ငွေကျပ် တစ်သိန်းစီ ပေးမည့်အပြင် နေထိုင်တည်းခိုစရိတ်နှင့် စားသောက်စရိတ်များကိုလည်း ထောက်ပံ့ပေးမည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်ကြမည့် အသင်းများသည် ဖေဖော်ဝါရီ ၁၀ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ် (ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း) သို့ အမည်စာရင်းများ ပေးပို့ရမည်ဖြစ်သည်။

ပြိုင်ပွဲများနှင့် စပ်လျဉ်း၍ သိရှိလိုပါက မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးရဲအောင် ဖုန်း-၀၉-၂၀၀၂၆၈၈၊ ဒေါ်ခင်အေးမူ (မန္တလေးတိုင်းဒေသကြီး) ဖုန်း-၀၉-၂၁၆၅၀၆၁၊ ဦးမျိုးသန့် (မင်းသားဟိုတယ် ပုဂံ/ညောင်ဦး) ဖုန်း-၀၉-၄၇၁၀၅၂၀၅၊ ၀၆၁-၆၀၄၁၁ နှင့် မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း ဖုန်း-၀၁-၃၉၃၄၂၀ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

၂၀၁၁ ခုနှစ် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် ၂၀၁၃ ခုနှစ် (၂၇)ကြိမ်မြောက် အရှေ့တောင် အာရှအားကစားပြိုင်ပွဲတို့တွင် အောင်မြင်မှုရရှိရန် မြန်မာမြားပစ်အားကစားသမားများလေ့ကျင့်နေကြစဉ်။

(၂၆)ကြိမ်မြောက်နှင့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အောင်မြင်မှုရရှိရန် မြန်မာမြားပစ်အဖွဲ့ ပြင်ဆင်မှုများပြုလုပ်နေ

နိုင်ငံတကာပြိုင်ပွဲများတွင် အောင်ပွဲအလီလီ ဆွတ်ခူးရယူပြီး နိုင်ငံ့ဂုဏ်ဆောင်နေသည့် မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်သည် ၂၀၁၁ ခုနှစ် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် ၂၀၁၃ခုနှစ် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတို့တွင် အောင်မြင်မှုရရှိရန် ပြင်ဆင်မှုများ ပြုလုပ်နေပြီဖြစ်သည်။

အရှေ့တောင်အာရှ အားကစား ပြိုင်ပွဲမတိုင်မီ နိုင်ငံတကာအတွေ့အကြုံ ရရှိစေရန်၊ နိုင်ငံတကာပြိုင်ပွဲများ ယှဉ်ပြိုင်ရန် ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်ရန် ပြင်ဆင်လျက်ရှိပြီး ယခုအခါ ကမ္ဘာ့မြားပစ်ထိပ်သီးနိုင်ငံဖြစ်သည့် တောင်ကိုရီးယားနိုင်ငံမှ Gangwon-Do မြားပစ်အသင်းမှာ မြန်မာနိုင်ငံသို့ လာရောက်၍ မြန်မာ့လက်ရွေးစင် မြားပစ်အားကစားသမားများနှင့်အတူ ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်လျက်ရှိသည်။ အဆိုပါ Gangwon-Do အသင်းမှာ ဇန်နဝါရီ ၁၁ ရက်မှ ၂၅ ရက်အထိ ကျိုက္ကဆံ အမှတ်(၅)ဂိတ်ရှိ မြားပစ်အဖွဲ့ချုပ် လေ့ကျင့်ရေးကွင်း၌ ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်နေခြင်းဖြစ်သည်။ Gangwon-Do မြားပစ်အသင်းတွင် ဥက္ကဋ္ဌ Pros-Park Young IL ဦးဆောင်၍ အဖွဲ့ဝင် ၁၉ဦး လိုက်ပါလာကြသည်။

အောင်မြင်မှုရရှိရေး ပြင်ဆင်နေသည့် မြန်မာမြားပစ်အဖွဲ့နှင့် ပတ်သက်၍ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကျော်ဦး (ဒုတိယညွှန်ကြားရေးမှူး၊အား/ကာ)က ဤသို့ ရှင်းပြသည်။ မိမိတို့ မြန်မာမြားပစ်အဖွဲ့အနေဖြင့် (၂၆)ကြိမ်မြောက်နှင့် (၂၇)ကြိမ်မြောက် ဆီးဂိမ်းစ်ပြိုင်ပွဲတို့တွင် အောင်မြင်မှုရရှိရန်ပြင်ဆင်လျက်ရှိကြောင်း၊ ယခုကဲ့သို့ ကမ္ဘာ့မြားပစ်ထိပ်သီး ကိုရီးယားနိုင်ငံမှ Gangwon-Do အသင်း ပူးတွဲလေ့ကျင့်မှုတွေ လာရောက်ပြုလုပ်သည့်အတွက် မိမိတို့အတွက် အတွေ့အကြုံကောင်းများ၊ နည်းစနစ်ကောင်းများ ရရှိပါကြောင်း၊ မိမိတို့ မြားပစ်အဖွဲ့အနေဖြင့် ၂၀၁၀ ခုနှစ် ဇွန် ၂၄ ရက်မှ ဇူလိုင် ၂၃ ရက်အထိ ယင်းအသင်းတွင် ပူးတွဲလေ့ကျင့်မှုများ သွားရောက်ပြုလုပ်ခဲ့ကြောင်း၊ မိမိတို့သွားရောက်လေ့ကျင့်စဉ်က နေထိုင်စားသောက်စရိတ်များကို အကုန်အကျခံပေးခဲ့သလို ၎င်းတို့လာရောက်လေ့ကျင့်ရာတွင်လည်း မိမိတို့က ကုန်ကျစရိတ်များ ကျခံပေးမည်ဖြစ်ကြောင်း။

၂၀၁၁ ဆီးဂိမ်းစ်ပြိုင်ပွဲမတိုင်ခင်လည်း တောင်ကိုရီးယားနိုင်ငံသို့ ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်သွားရန် ရှိကြောင်း၊ အောက်တိုဘာလ (သို့) နိုဝင်ဘာလတွင် လေ့ကျင့်ရန်စီစဉ်နေပြီး ရွှေတံဆိပ်ရရှိနိုင်သည့် ကစားသမားများ စနစ်တကျ စေလွှတ်သွားမည်ဖြစ်ကြောင်း၊ ဆီးဂိမ်းစ်ပြိုင်ပွဲမတိုင်မီ တစ်လကြို ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်ရန် အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့်၊ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့် ဥက္ကဋ္ဌ ဦးတင့်ဆန်းတို့က မူအားဖြင့် သဘောတူထားပြီဖြစ်ကြောင်း၊ ဇန်နဝါရီ ၁၉ ရက်တွင် ချစ်ကြည်ရေး မြားပစ်ပြိုင်ပွဲ ကျင်းပရန်စီစဉ်ထားကြောင်း။

အင်ဒိုနီးရှားဆီးဂိမ်းစ်ပြိုင်ပွဲ အပါအဝင် နိုင်ငံတကာပြိုင်ပွဲများကို ယှဉ်ပြိုင်ရန်အတွက် လက်ရွေးစင်ကစားသမား ၂၁ ဦး၊ တက္ကသိုလ်ပြိုင်ပွဲမှ ရွေးချယ်ထားသည့် မျိုးဆက်သစ် ကစားသမား ၁၂ ဦးနှင့် အား/ကာသိပ္ပံမှ ၁၀ ဦးတို့ကို ရွေးချယ်လေ့ကျင့်ပေးနေကြောင်း၊ တောင်ကိုရီးယား မြားပစ်နည်းပြ Mr. Lee Soung bone ကို ၂၀၁၀ စက်တင်ဘာမှ ၂၀၁၁ ဒီဇင်ဘာအထိ ငှားရမ်းထားကြောင်း၊ မိမိတို့ မြားပစ်အဖွဲ့အနေဖြင့် နည်းစနစ်မှန်မှန်၊ ပြင်းပြင်းထန်ထန်၊ ထိထိရောက်ရောက်ဖြင့် အောင်မြင်မှုရရှိရန် လေ့ကျင့်ပြင်ဆင်နေကြောင်း၊ တစ်ပတ်လျှင် ၆ ရက်ဖြင့် နေ့စဉ် လေးကြိမ်နှုန်း လေ့ကျင့်နေကြောင်း၊ ထို့ပြင် စိတ်တည်ငြိမ်မှုရှိစေရန် ညစဉ် စိတ်မှန်းပစ်ခတ်လေ့ကျင့်ခန်းများကို လေ့ကျင့်နေကြောင်း၊ မြားပစ်ကစားနည်းမှာ စိတ်တည်ငြိမ်ရန်နှင့် ဆုံးဖြတ်ချက်မှန်ကန်ရန် အရေးကြီးသည့်အတွက် စိတ်မှန်းပစ်ခတ်ခြင်းကို ညစဉ်လေ့ကျင့်ပေးနေခြင်းဖြစ်ကြောင်း၊ Compound အမျိုးသားအသင်း၊ အမျိုးသမီးအသင်းနှင့် Recurve အမျိုးသားအသင်းတို့ကို အားရမိသော်လည်း Recurve အမျိုးသမီးအသင်းမှာ လိုအပ်မှုရှိသေးသောကြောင့် ဆုတံဆိပ်ရရှိရန် အတော်ပင်ကြိုးစားရဦးမည်ဖြစ်ကြောင်း၊ မြန်မာမြားပစ်အားကစား အောင်မြင်မှုရရှိရန်အတွက် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်မှုကို ခံယူ၍ အဖွဲ့ချုပ် ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့် ဥက္ကဋ္ဌ ဦးတင့်ဆန်းတို့က အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း ပြောကြားသွားသည်။

အမိနိုင်ငံတော်အတွက် ကမ္ဘာ့အဆင့်၊ အာရှအဆင့်နှင့် အရှေ့တောင်အာရှအဆင့် ပြိုင်ပွဲအသီးသီးမှ ရွှေတံဆိပ် ၆၇ ခု၊ ငွေတံဆိပ် ၇၂ ခု၊ ကြေးတံဆိပ် ၆၅ ခုဖြင့် ဆုတံဆိပ်စုစုပေါင်း ၂၀၄ ခု ရယူပေးထားသည့် မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်သည် နိုင်ငံ၏ဂုဏ်ကို ရွှေတံဆိပ်ရယူခြင်းဖြင့် မြှင့်တင်ပေးနိုင်ရန် အစဉ်အမြဲ ကြိုးပမ်းဆောင်ရွက်နေပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

သတင်းမှတ်စုနှင့် ဓာတ်ပုံ

စိုင်းရဲရင့်

နိုင်ငံတကာအားကစားသတင်းများ

ဆန်တာခရုဇ်အား ဘလက်ဘန်း ပြန်လည်ခေါ်ယူ

လန်ဒန် ဇန်နဝါရီ ၁၅

ပရီမီယာလိဂ် အလယ်အလတ်အဆင့်တွင် ရပ်တည်နေသည့် ဘလက်ဘန်း အသင်းသည် ၎င်း၏ ကစားသမားဟောင်းဖြစ်သည့် မန်စီးတီးတိုက်စစ်မှူး ဆန်တာခရုဇ်ကို ပြန်လည်ခေါ်ယူစာချုပ်ချုပ်ဆိုခဲ့သည်။

မျှော်လင့်

အသက် (၂၉)နှစ်ရှိ ဆန်တာခရုဇ်သည် အသင်းဟောင်း ဘလက်ဘန်း၌ ဆေးစစ်မှုအောင်မြင်ခဲ့ပြီး ယခုနှစ် ဘောလုံးရာသီကုန်အထိ အငှားစာချုပ်ဖြင့် ကစားမည်ဖြစ်သည်။ ၎င်းသည် မန်စီးတီးသို့မရောက်မီ ၂၀၀၇ ခုနှစ်က ပေါင် ၃ ဒသမ ၈ သန်းဖြင့် ဘလက်ဘန်းအသင်းသို့ ရောက်ရှိခဲ့ပြီး ၂၀၀၉ ခုနှစ် ဇွန်လအထိ ကစားခဲ့ကာ ယင်းမှ ၂၀၀၉ ခုနှစ် ဇူလိုင်လတွင် ပေါင် ၁၇ ဒသမ ၅ သန်းဖြင့် မန်စီးတီးအသင်းသို့ ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။ ဒဏ်ရာပြဿနာ မကြာခဏကြုံတွေ့နေရသည့် ဆန်တာခရုဇ်သည် မန်စီးတီးတွင် ပထမရာသီ၌ ခြောက်ပွဲနှင့် ယခုနှစ်ဘောလုံးရာသီတွင် နှစ်ပွဲသာ ပွဲထွက်ကစားခွင့်ရခဲ့သူဖြစ်သည်။ မန်စီးတီးတွင် စတုတ္ထဦးစားပေးအဆင့်သာ ရရှိခဲ့သည့် ဆန်တာခရုဇ်သည် ယခုအသင်းဟောင်း ဘလက်ဘန်းသို့ ပြန်ရောက်ရှိချိန်တွင် ယခင်ခြေစွမ်းမျိုး ပြန်လည်မြင်တွေ့ရနိုင်ရေးကို နည်းပြကီးရန်က မျှော်လင့်လျက်ရှိနေသည်။

အင်တာနက်။

ဘလက်ဘန်းအသင်းသို့ တစ်ကျော့ပြန်ရောက်ရှိလာသည့် ဆန်တာခရုဇ်။

ပရီမီယာလိဂ်ပွဲစဉ် (၂၃)ရလဒ်များ

ချယ်လ်ဆီး	၂	-	၀	ဘလက်ဘန်း
မန်စီးတီး	၄	-	၃	ဝုလ်ဗာဟမ်တန်
စတုတ်စီးတီး	၂	-	၀	ဘော်လ်တန်
ဝက်စ်ဘရွန်း	၃	-	၂	ဘလက်ပူးလ်
ဝီဂန်	၁	-	၁	ဖူလ်ဟမ်

အင်တာနက်။

ယာကူဘူ လစ္စတာစီးတီးသို့ ရောက်တော့မည်

လန်ဒန် ဇန်နဝါရီ ၁၅

အင်္ဂလန်ချန်ပီယံရှစ်ကလပ် လစ္စတာစီးတီးသည် အဲဗာတန်ကစားသမား ယာကူဘူအား ရာသီကုန်အထိ အငှားစာချုပ်ဖြင့်ခေါ်ယူရန် သဘောတူညီမှု ရရှိခဲ့ပြီဖြစ်ကြောင်း သိရသည်။

အဲဗာတန်အသင်းမှ ယာကူဘူ ထွက်ခွာပြီးချိန်တွင် နောက်ထပ်တိုက်စစ်မှူးတစ်ဦးကို ခေါ်ယူမည်ဟု ဆိုသည်။ အဲဗာတန်အသင်း ခေါ်ယူမည့် ကစားသမားမှာ မိုနာကို တိုက်စစ်မှူး ဘိုကာနီဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ လစ္စတာစီးတီးအသင်းသည် ယခုနှစ်ဘောလုံးရာသီကုန်အထိ အငှားစာချုပ်ဖြင့် ခေါ်ယူမည့် ယာကူဘူကို လာမည့်နွေရာသီတွင် ပေါင် ၄ သန်းဖြင့် အပြီးသတ်ခေါ်ယူမည်ဟု ဆိုသည်။

အင်တာနက်။

ဝင်းတင်

(ကြေးမုံ)

မြောက်ပိုင်းဒေသများ မိုးအနည်းငယ်ရွာနိုင်

နေပြည်တော် ဇန်နဝါရီ ၁၅

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာခဲ့သည်။ **ညအပူချိန်များမှာ** ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ထက် ၃ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** ပင်လောင်းမြို့တွင် ၁ ဒီဂရီစင်တီဂရိတ်၊ ဟားခါးမြို့တွင် ၂ ဒီဂရီစင်တီဂရိတ်၊ လားရှိုးမြို့နှင့် နမ့်စန်မြို့တို့တွင် ၄ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

ဇန်နဝါရီ ၁၆ ရက် ညနေထိခန့်မှန်းချက်။ ။ ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပြီး ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအသင့်အတင့် ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ် ရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန
ပြည်လမ်း၊ ရန်ကုန်မြို့

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံပညာရေး သုတေသနအဖွဲ့ ဦးစီးဌာနတို့ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူ၊ ကျောင်းသားများအတွက် စာမေးပွဲ အထောက်အကူပြု သိမှတ်ဖွယ်ရာ စိတ်ကြိုက်မြန်မာစာဘာသာသင်ခန်းစာကို ဖော်ပြလိုက်ပါသည်။

တက္ကသိုလ်ဝင် စာမေးပွဲ

သိမှတ်ဖွယ်ရာ စိတ်ကြိုက်မြန်မာစာဘာသာ

၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲမှာ စိတ်ကြိုက်မြန်မာစာဖြေဆိုကြမယ့် ကျောင်းသူ၊ ကျောင်းသားများအတွက် စိတ်ကြိုက်မြန်မာစာမေးခွန်းလွှာဆိုင်ရာ သိမှတ်ဖွယ်ရာများကို ဆွေးနွေးတင်ပြပါမယ်။

စိတ်ကြိုက်မြန်မာစာ ဘာသာရပ်ဟာ အဆင့်မြင့်မြန်မာစာလေ့လာနိုင်ရေးအတွက် လမ်းခင်းပေးနိုင်တဲ့ ဘာသာရပ် ဖြစ်ပါတယ်။

စိတ်ကြိုက်မြန်မာစာဘာသာရပ်ယူသူများဟာ မြန်မာစာအရေးအသား ပိုမိုကျွမ်းကျင်လာနိုင်ပါတယ်။ မြန်မာဝေါဟာရတွေကို ပိုင်ပိုင်နိုင်နိုင် သုံးတတ်လာနိုင်ပါတယ်။ မြန်မာစာပေ စကားပြေ ကဗျာတွေကို ဝေဖန်အကဲဖြတ်လာနိုင်ပါမယ်။ မြန်မာစာပေရဲ့ ဖွံ့ဖြိုးတိုးတက်မှုအစဉ်တွေကို သိလာနိုင်ပါမယ်။ မြန်မာ့ယဉ်ကျေးမှု မြန်မာ့ဓလေ့ထုံးစံတွေကို တန်ဖိုးထားတတ်လာပါလိမ့်မယ်။

ဒီလိုအကျိုးသက်ရောက်မှု နက်ရှိုင်းတဲ့ စိတ်ကြိုက်မြန်မာစာမှာ မြန်မာဝတ္ထုတိုနှင့် မြန်မာပြဇာတ်လက်ရွေးစင်၊ သံဝရပျို့၊ မြန်မာကဗျာဖွဲ့နည်းနဲ့ မြန်မာစာပေသမိုင်းဆိုတဲ့ စာအုပ်(၄)အုပ် ပြဋ္ဌာန်းထားပါတယ်။ ဒီပြဋ္ဌာန်းစာတွေကို လေ့လာကျက်မှတ်ပြီး တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမယ့် ကျောင်းသူ၊ ကျောင်းသားများအတွက် မှတ်သားသိရှိသင့်တာတွေကို ဆွေးနွေးပို့ချပါမယ်။

စိတ်ကြိုက်မြန်မာစာ မေးခွန်းလွှာမှာ မေးခွန်းကြီး(၄)ပုဒ် မေးပါမယ်။

မေးခွန်း(၁)မှာ မြန်မာဝတ္ထုတိုနှင့် မြန်မာပြဇာတ်ကို မေးမှာဖြစ်တယ်။ မြန်မာဝတ္ထုတိုမှာ ကိုလိုနီခေတ်မှ မျက်မှောက်ခေတ်အထိ ဆရာ(၁၁)ဦးရဲ့ ဝတ္ထုတို(၁၁)ပုဒ်နဲ့ ပြဇာတ်(၃)ပုဒ်ကို လေ့လာရမှာဖြစ်တယ်။ ဝတ္ထုတိုဆိုတာ လူအကြောင်း၊ လောကအကြောင်းကို စာရေးသူရဲ့ စိတ်ကူးဉာဏ်နဲ့ ဖန်တီးရေးဖွဲ့ထားတဲ့ ရသစာပေဖြစ်တယ်။ ဝတ္ထုတိုဟာ တစ်ထိုင်တည်းနဲ့ ဖတ်နိုင်လောက်အောင် တိုတိုရေးဖွဲ့လေ့ရှိတယ်။ ဝတ္ထုရေးဆရာက စာဖတ်သူအာရုံကျက်စားစေလိုတဲ့ သဘောတစ်ရပ်၊ အချက်တစ်ချက်ကို တစ်ကွက်ကောင်း၊ တစ်ချက်ကောင်းနဲ့ ဖန်တီးရေးဖွဲ့တာ ဖြစ်တယ်။ ဝတ္ထုတိုမှာ ဇာတ်လမ်း၊ ဇာတ်ဆောင်၊ ကာလဒေသနောက်ခံတို့ ပါဝင်တယ်။

ဇာတ်လမ်းဟာ ကျိုးကြောင်းဆက်စပ်နေတဲ့ ဖြစ်ရပ်ဖြစ်တယ်။ ဇာတ်ဆောင်များက အဲဒီဖြစ်ရပ်မှာ ပါဝင်လှုပ်ရှားရသူတွေဖြစ်တယ်။ ကာလဒေသနောက်ခံဟာ ဒီဖြစ်ရပ်မှာ ဖြစ်ပျက်လှုပ်ရှားတဲ့ အချိန်ကာလ၊ နေရာဒေသနဲ့ လူမှုအခြေအနေတို့ ဖြစ်တယ်။ ဝတ္ထုရေးဆရာဟာ မိမိဆိုလိုတဲ့ အချက်အာဘော်ကို ထင်ရှားပေါ်လွင်အောင် ဝတ္ထုတိုနဲ့ ဖော်ပြတာဖြစ်တဲ့အတွက် ဝတ္ထုတိုတစ်ပုဒ်ဖတ်ပြီးတဲ့အခါ ဝတ္ထုရေးဆရာရဲ့ အာဘော်ကို စာဖတ်သူ နားလည်သွားမြဲ ဖြစ်တယ်။

ဝတ္ထုတိုများကို လေ့လာတဲ့အခါ ဝတ္ထုအာဘော်၊ ဇာတ်လမ်းဖန်တီးပုံ၊ ဇာတ်ဆောင်ဖန်တီးပုံ၊ နောက်ခံဖန်တီးပုံ၊ အရေးအဖွဲ့၊ ရသနဲ့ အသိအမြင်ဆိုတဲ့ အစီအစဉ်နဲ့ လေ့လာရမှာဖြစ်တယ်။ ဝတ္ထုအာဘော်ဆိုတာ ဝတ္ထုရေးဆရာရဲ့ ဆိုလိုချက်ဖြစ်တယ်။ ဇာတ်လမ်းဖန်တီးပုံဆိုတာ ဇာတ်လမ်းဖြစ်ရပ်ကို သူ့ဘက်ကိုယ့်ဘက် အားပြိုင်မှုများ ဖန်တီးခြင်း၊ ဖြစ်ရပ်ကို ကြောင်းကျိုးဆက်စပ်ပြခြင်း၊ မြုပ်ကွက်တွေကို ပြန်ဖော်ခြင်း၊ နောက်ပိုင်းဖြစ်ရပ်ကို ရှေ့ပိုင်းမှာ ကြိုတင်အရိပ်နိမိတ်ပြခြင်းတို့နဲ့ ဇာတ်လမ်းကို ဖန်တီးလေ့ရှိကြတယ်။

ဇာတ်ဆောင်ဖန်တီးပုံဆိုတာ ဇာတ်လမ်းပါ ဇာတ်ဆောင်တွေကို အသက်ဝင်အောင်၊ စရိုက်သဘာဝ ထင်ရှားအောင် ဖန်တီးရေးဖွဲ့ကြတယ်။ ဇာတ်ဆောင်ရဲ့ပုံပန်း၊ အပြုအမူ၊ အပြောအဆို၊ ဇာတ်ဆောင်အချင်းချင်း ပြောဆိုပြုမူပုံတို့ဖြင့် ဖန်တီးလေ့ရှိကြတယ်။ ဇာတ်ဆောင်တို့ရဲ့ ကိုယ်နှုတ်နှလုံး အမူအရာတို့နဲ့ ဇာတ်ဆောင်တို့ရဲ့ စိတ်နေသဘောထား၊ စရိုက်သဘာဝပေါ်လွင်အောင် ရေးဖွဲ့လေ့ရှိကြတယ်။ နောက်ခံဖန်တီးပုံဆိုတာ ဇာတ်လမ်းဖြစ်ပျက်ရာ အချိန်ကာလ၊ နောက်ခံဒေသတို့ကို ခေတ်အခြေအနေ၊ လူမှုဝန်းကျင်အခြေအနေတို့နဲ့ ထင်ဟပ်ရေးဖွဲ့လေ့ရှိတယ်။ အရေးအဖွဲ့ဆိုတာ ဇာတ်လမ်း၊ ဇာတ်ဆောင်၊ နောက်ခံတို့ပေါ်အောင် စကားသုံးနှုန်းပုံ၊ ဝါကျဖွဲ့ပုံ၊ အလင်္ကာ၊ အဆင်တန်ဆာသုံးပုံတို့ ဖြစ်တယ်။ ရသနဲ့အသိအမြင်ဆိုတာ ဝတ္ထုတိုတစ်ပုဒ်ဖတ်ပြီးနောက် စာဖတ်သူစိတ်ထဲ ဘယ်လိုနှစ်သက်မှုမျိုးရပြီး ဘယ်လိုအသိအမြင်မျိုးရတယ်ဆိုတာ လေ့လာရမှာ ဖြစ်တယ်။

အမျိုးသားပညာဝန် ဦးဖိုးကျားရဲ့ ကိုယ်တွေ့ဝတ္ထုတိုတစ်ပုဒ်ဖြစ်တဲ့ မောင်ဘစီဝတ္ထုတိုတစ်ပုဒ်ကို လေ့လာတဲ့အခါ အပြစ်ကင်းတဲ့အလုပ်မှန်သမျှ ဂုဏ်ရှိကြောင်း၊ ကိုယ့်အားကိုယ်ကိုး အလုပ်လုပ်ရင်း ဆက်လက်ပညာသင်သဖြင့် ဘဝအခြေအနေ တိုးတက်ကြီးပွားသွားကြောင်း အာဘော်ကို တွေ့နိုင်တယ်။ လူငယ်တစ်ယောက်ရဲ့ ခံယူချက်နဲ့ ကြိုးစားအားထုတ်မှုကို ဇာတ်လမ်းဆင်ဖန်တီးထားတယ်။ ဇာတ်လမ်းပါမောင်ဘစီရဲ့ ရိုးသားတဲ့စိတ်ထား၊ ကြိုးစားတဲ့စရိုက်ကို ပေါ်လွင်အောင် သရုပ်ဖော်ရေးဖွဲ့ပြီး ဇာတ်ဆောင်ကို ဖန်တီးထားတယ်။ ပုသိမ်တလိုင်းချောင်းအရပ်နဲ့ ပုသိမ်မြို့ အမျိုးသားကျောင်းဟာ ဒီဇာတ်လမ်းရဲ့ နောက်ခံဒေသဖြစ်တယ်။ စာရေးသူဦးဖိုးကျား အမျိုးသားပညာဝန်အဖြစ် အမှုထမ်းဆောင်နေစဉ် သက္ကရာဇ် ၁၉၂၀ ဝန်းကျင်ကာလမှာ ရေးတဲ့ဝတ္ထုဖြစ်တဲ့အတွက် ဒီဝတ္ထုရဲ့ ကာလနောက်ခံအဖြစ် သတ်မှတ်ရမယ်။ ဒီဝတ္ထုတိုမှာ ဇာတ်ဆောင်အချင်းချင်း အပြန်အလှန် ပြောစကားတွေ၊ လွယ်ကူရှင်းလင်းတဲ့ စကားသုံးတွေ၊ ဖျတ်လတ်သွက်လက်တဲ့ ရေးဟန်တွေ ပေါ်လွင်ထိမိတဲ့ စကားလုံးတွေနဲ့ ရေးဖွဲ့ထားတာ တွေ့ရမယ်။ ရိုးသားကြိုးစားတဲ့ လူငယ်တစ်ဦးရဲ့ ခံယူချက်နဲ့ စိတ်ဓာတ်ကို နှစ်သက်ကျေနပ်စေတဲ့ သန္တရသခံစားစေနိုင်ပြီး အလုပ်ဟူသမျှ ဂုဏ်ရှိကြောင်း၊ ကြိုးစားလုပ်ကိုင်လျှင် အောင်မြင်နိုင်ကြောင်းဟူသည့် အသိအမြင်တွေရရှိကြောင်း လေ့လာဖော်ထုတ်ရမှာ ဖြစ်တယ်။

ပြဇာတ် (၃)ပုဒ်ကို လေ့လာတဲ့အခါ ပြဇာတ်ဆိုတာ ကပြသရုပ်ဆောင်နိုင်အောင်ရေးဖွဲ့တဲ့ စာပေမျိုးဖြစ်တယ်။ ပြဇာတ်တစ်ပုဒ်ကို လေ့လာတဲ့အခါမှာ ပြဇာတ်ရဲ့ အာဘော်၊ ဇာတ်လမ်းဖန်တီးပုံ၊ ဇာတ်ဆောင်ဖန်တီးပုံ၊ နောက်ခံနဲ့ပြဇာတ်အရေးအဖွဲ့တို့ကို လေ့လာရမှာဖြစ်တယ်။ ပြဇာတ်အာဘော်ဆိုတာ ပြဇာတ်ဆရာရဲ့ ဆိုလိုချက် ဖြစ်တယ်။ ပြဇာတ်ဇာတ်လမ်းကို ဇာတ်ဆောင်ပြောစကားတွေနဲ့ ဖန်တီးရတယ်။ ဇာတ်ဆောင်တို့ရဲ့ ပြောစကားနဲ့ ဇာတ်ဆောင်စရိုက်ကိုလည်း ဖန်တီးရတယ်။ ပြဇာတ်ဆရာရဲ့ ဇာတ်ညွှန်းစကားတွေနဲ့ နောက်ခံကာလဒေသကို ဖော်ထုတ်ရတယ်။ အရေးအဖွဲ့မှာတော့ ပြဇာတ်ဆရာရဲ့ အမြင်မတော်၊ အကြားမတော်တဲ့ ကိစ္စရပ်တွေကို ထေ့သံသရော်သံတွေနဲ့ ဟာသမြောက်အောင် ရေးဖွဲ့လေ့ရှိတယ်။ ဒီအချက်တွေနဲ့ ပြဇာတ်ကို ချိန်ထိုးလေ့လာကြရမယ်။ နမူနာအဖြစ် အာဇာနည်မိခင်ပြဇာတ်ကို တင်ပြပါမယ်။ ဒီပြဇာတ်ရဲ့ အာဘော်ကတော့ နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲမှာ အသက်ပေးသွားတဲ့ အာဇာနည်သားကောင်းရဲ့ မိခင်ဖြစ်ရတာ ဂုဏ်ယူတဲ့ အာဇာနည်မိခင်တစ်ဦးရဲ့စိတ်ဓာတ်ကို ဖော်ပြလိုတဲ့ စာရေးသူ၏ အာဘော်ကိုတွေ့ရမယ်။ ဂျပန်ခေတ်မှာ ဖက်ဆစ်တော်လှန်ရေးအတွက် အရှိန်ယူနေခိုက် တော်လှန်ရေးကို လမ်းခင်းပေးတဲ့ ပြဇာတ်တစ်ပုဒ် ဖြစ်တယ်။ ဇာတ်ဆောင်တို့ရဲ့ ပြောစကားတွေကမှ ဇာတ်ဆောင်စရိုက်၊ နောက်ခံဝန်းကျင်နဲ့ ပြဇာတ်ပါအရေးအဖွဲ့တို့ကိုလည်း လေ့လာဖော်ထုတ်ရမှာဖြစ်တယ်။ အရေးအကြီးဆုံးအချက်ကတော့ မေးခွန်းကို အသေအချာဖတ်ပြီး မေးခွန်းနဲ့ အံဝင်ခွင်ကျဖြေတတ်ဖို့ အလွန်အရေးကြီးပါတယ်။

မေးခွန်း (၂)ကတော့ သံဝရပျို့ မေးခွန်းဖြစ်တယ်။ သံဝရပျို့ကို အင်းဝခေတ်မှာ စာဆို ရှင်မဟာရဋ္ဌသာရက ဖွဲ့ဆိုခဲ့တယ်။ ၅၅၀ နိပါတ်တော်မှာပါရှိတဲ့ သံဝရဇာတ်တော်ကို ရေးဖွဲ့ထားခြင်း ဖြစ်ပါတယ်။ ဒီပျို့ကိုရေးချိန်မှာ ဆရာတော်ဟာ အသက်(၆၀)ဝန်းကျင်ကို ရောက်နေပြီဖြစ်တယ်။ စာပေအသိအမြင်နဲ့ ဘဝအတွေ့အကြုံ စုံလင်နေပြီလည်း ဖြစ်တယ်။ ဒါကြောင့်မို့ ဒီပျို့ကိုရေးတဲ့အခါမှာ စာဖတ်သူအလိမ္မာတိုးစရာ အကြောင်းအရာတွေ များစွာပါဝင်လာပါတယ်။ အကြောင်းအရာအနှစ်သာရ အလွန်ထူးခြားတဲ့ ပျို့တစ်စောင် ဖြစ်ပါတယ်။

သံဝရပျို့ကို လေ့လာတဲ့အခါမှာ အကြောင်းအရာကိုရော အရေးအဖွဲ့ကိုပါ လေ့လာရမှာ ဖြစ်ပါတယ်။

အကြောင်းအရာကို လေ့လာတဲ့အခါမှာ နိဒါန်းမှာခွဲပြထားတဲ့ အခန်းများအလိုက် လေ့လာသင့်ပါတယ်။ ခမည်းတော်နှင့် သံဝရမင်းသားပြောဆိုခန်း၊ ဆရာအမတ်ကြီးနှင့် တိုင်ပင်ခန်းများ စသည်ဖြင့် ခွဲခြားလေ့လာရပါမယ်။

ဇာတ်ဆောင်တစ်ဦးချင်းအလိုက်လည်း လေ့လာဖို့လိုအပ်ပါတယ်။ ဒီပျို့မှာ အဓိကဇာတ်ဆောင် (၃)ဦး တွေ့ရပါမယ်။ ဗြဟ္မဒတ်မင်းကြီး၊ အမတ်ကြီးနဲ့ သံဝရမင်းသားတို့ ဖြစ်ပါတယ်။ ဒီဇာတ်ဆောင်တွေရဲ့ စိတ်နေသဘောထား၊ ပြုမူပြောဆိုပုံ၊ အရည်အသွေးတို့ကို မိမိအရေးအသားနဲ့ ပြန်ရေးနိုင်အောင် လေ့ကျင့်ထားရပါမယ်။

အဲဒါတွေအပြင် ပျို့မှာပါရှိတဲ့ ဥပမာအလင်္ကာအဖွဲ့များ၊ ရူပကအလင်္ကာအဖွဲ့များ၊ အနက်အဓိပ္ပာယ်ပြည့်ဝပြီး အဖွဲ့အစပ်ပြေပြစ်လှပတဲ့ အဖွဲ့ကောင်းများ၊ စကားပုံများ၊ ဆိုရိုးစကားများ စတာတွေရဲ့ အဓိပ္ပာယ်တွေကိုလည်း အသေးစိတ်ရှင်းပြတတ်ရပါမယ်။ ပြေပြေပြစ်ပြစ် ပြန်ရေးပြတတ်ရပါမယ်။ သာဓကပြရမယ်ဆိုရင်

"ရွှေစက်နှစ်ပါး၊ ဖဝါးတော်အောက်၊ ကြာပင်ပေါက်သို့၊ လက်မြှောက်ဦးတင်၊ မြဲလှချင်"ဆိုတဲ့ ဥပမာအလင်္ကာကို ဖြေကြည့်ပါမယ်။ သံဝရမင်းသားရဲ့ ခမည်းတော်မင်းကြီးဟာ သားတော်ကြီးများ နည်းတူဇနပုဒ်ပေးရန် သံဝရမင်းသားအား ပြောကြားတဲ့အခါမှာ သံဝရမင်းသားက ခမည်းတော်မင်းကြီး၏ ရွှေစက်ဖဝါးစုံအောက်၌ မိမိ၏လက်ကို ကြာဖူးကြာငုံသဖွယ် လက်အုပ်ချီကာနဖူး ပေါ်လက်တင်ရှိခိုးဦးတင်လျက် ဖခင်အပါးမှာ အမြဲထာဝရ ပြုစုခွင့်ပြုပါရန် နားတော်လျှောက်ကြောင်း ဖော်ပြဖို့ဖြစ်ပါတယ်။

"ပျားလူးမြက်ကို၊ နေ့ရက်ရှည်လျား၊ စားစများသော်၊ ကပ်လှာယဉ်လွယ်၊ သမင်နှယ်"ဆိုတဲ့ ဥပမာအလင်္ကာကို ဖြေကြည့်ပါမယ်။ ပျားရည်လူးတဲ့မြက်ကို နေ့စဉ်ရက်ဆက် စားရပါများတဲ့အခါ ယဉ်ကျေးလာတဲ့သမင်ဟာ လူအနားကို အလွယ်တကူကပ်လာတယ်လို့ ဆိုလိုပါတယ်။ ဒီနေရာမှာ ဘယ်လိုသမင်မျိုးဆိုတာကို ဖော်ပြဖို့လိုပါတယ်။ ဝါတာမိဂဆိုတဲ့ လေကဲ့သို့လျင်မြန်တဲ့သမင်ဟာ လူမြင်လို့ရှိရင် တောထဲမှာ (၇)ရက် ပုန်းနေလေ့ ရှိပါတယ်။ အဲဒီလို ဝါတာမိဂသမင်မျိုးဟာ ပျားရည်လူးတဲ့မြက်ကို စားရဖန်များလာတဲ့အခါမှာ ယဉ်ပါးပြီးနောက် လူ့အနားကို ကပ်လာတယ်လို့ ဆိုချင်ကြောင်း အပြည့်အစုံပြောရပါမယ်။

"ထုတ်ချင်းယဉ်ကြား၊ လွန်းလျှင်သွားသို့"ဆိုတဲ့ ဥပမာအလင်္ကာဆိုရင်လည်း ယဉ်ကြားဆိုတာဟာ ရက်ကန်းစင်က ယဉ်သွားများကို ဆိုလိုကြောင်း ပေါ်လွင်အောင်ရေးရပါမယ်။ ယဉ်သွားများမှာ လွန်းဟာ ထုတ်ချင်းပေါက်ပြီး အလွယ်တကူသွားသလိုပါပဲဆိုတဲ့ အဓိပ္ပာယ်ကိုပေါ်အောင် ဖြေရပါမယ်။

ဆက်လက်ပြီး ဆိုရိုးများအကြောင်းကို ရှင်းလင်းဆွေးနွေးပါမယ်။ ရှင်မဟာရဋ္ဌသာရရဲ့ ပျို့များမှာ ဆိုရိုးစကားများ၊ စကားပုံများအလွန်ပါပါတယ်။ စကားများသည်ပင်လျှင် နောင်အခါဆိုရိုးများ၊ စကားပုံများ ဖြစ်သွားတာကို တွေ့ရပါတယ်။ ဒီသံဝရပျို့မှာ "တစ်ယောက်ချမ်းသာ၊ ကိုယ့်ဖို့ရှာ၍၊ သတ္တဝါအပေါင်း ဆင်းရဲကြောင်း"ဆိုတဲ့ ဆိုရိုးစကားလေးကို တွေ့ရပါမယ်။ ဒီနေ့ခေတ်မှာ အလွန်သုံးလေ့ရှိသော ဆိုရိုးဖြစ်ပါတယ်။ ကိုယ်တစ်ယောက်ချမ်းသာဖို့အတွက် အများဆင်းရဲရတယ်ဆိုတဲ့ အဓိပ္ပာယ်ဖြစ်ပါတယ်။ အဲ့ဒီလိုပဲ အနှစ်သာရမရှိတဲ့ လူ့ဘဝကို ရှင်မဟာရဋ္ဌသာရက "ကြက်ဥသံချောင်"လို့ ပြောပါတယ်။ ဒီစကားကလည်း ဆိုရိုးအဖြစ်နဲ့ ယခုတိုင် သုံးစွဲကြပါတယ်။ အဆန်ချောင်တဲ့ကြက်ဥ ဆိုတဲ့အနေနဲ့ တင်စားပြီးသုံးစွဲခြင်း ဖြစ်ပါတယ်။

ဒီလိုပဲ "အငယ်ကတည်းက၊ မဆုံးမသော်၊ မိဘတလည်၊ ရန်သူမည်"ဆိုတဲ့ အဖွဲ့ကိုလည်း တွေ့ရပါမယ်။ အဲဒီအဖွဲ့ကလည်း ဆိုရိုးစကားအဖြစ်နဲ့ မြန်မာလူမှုနယ်ပယ်မှာ တွင်ကျယ်နေပါတယ်။ မိဘဆိုတာ သားသမီးကို ငယ်စဉ်ကတည်းက ဆုံးမပဲ့ပြင်ခဲ့မယ်။ ငယ်ငယ်ကတည်းက မဆုံးမ မသွန်သင်ခဲ့ဘူးဆိုရင် ဒီမိဘသည် ရန်သူနှင့်တူသော မိဘဖြစ်တယ်လို့ ဆိုလိုပါတယ်။

အဲဒီဆိုရိုးစကားများ ရှင်းရှင်းလင်းလင်း သိရှိနားလည်ပြီးတော့ ပြန်လည်ရေးသားတတ်ရမှာ ဖြစ်ပါတယ်။ သံဝရပျို့မှာ အလင်္ကာများ၊ ဆိုရိုးများသာမက အလွန်နှစ်သက်စွဲမက်ဖွယ်ကောင်းတဲ့ အဖွဲ့ကောင်းများကို တွေ့ရမှာဖြစ်ပါတယ်။ ငါးတို့သည် သူတို့ဘာသာဘာဝအလိုက် တံငါက ကွန်ကိုကြဲပါ ဖြန့်ပါမှ ဝင်လာတတ်ကြပါတယ်။ တံငါသည်က ကွန်ကို မကြဲမဖြန့်ဘဲ ကိုင်ဆုပ်ထားရင် ငါးတွေက ဝင်မလာတတ်ပါဘူး။

အဲဒီလိုပဲ လူတွေကို လက်ဆောင်ပစ္စည်းပေးခြင်းဖြင့် လူတွေရဲ့ချစ်ခြင်းမေတ္တာ၊ လူတွေရဲ့ခင်မင်မှု အဲဒါတွေကို အလွယ်တကူ ရရှိနိုင်မယ်။ ဒီသဘောသဘာဝတွေကို ဆရာတော်ရှင်မဟာရဋ္ဌသာရက "ငါးတို့ဘာသာ၊ တံငါကွန်စွန့်၊ ပစ်ကြဲဖြန့်မှ၊ ဝင်လာကြ၏၊ ကွန်ကိုတံငါ၊ ကိုင်ဆုပ်ငှာလျှင်၊ တီမှာငါးများ၊ ဝင်လာပြားအံ့"။ "သစ်သီးသစ်ပွင့်၊ လက်ဆောင်ဖြစ်လျှင်၊ ချစ်ခွင့်လွယ်ကူ၊ မြို့လုံးချူ"စသည်ဖြင့် အဖွဲ့ကောင်းများကို

စာမျက်နှာ ၁၆ ကော်လံ ၁ သို့ ❁

❁ *စာမျက်နှာ ၁၅ မှအဆက်*

ထုတ်နုတ်ပြီးတော့ လေ့လာကျက်မှတ်ထားဖို့၊ ပြေပြေပြစ်ပြစ် ချောချောမွေ့မွေ့ စကားပြေနဲ့ ပြန်လည်ပြီး ရေးသားနိုင်ဖို့ ကျင့်ထားရမှာဖြစ်ပါတယ်။

မေးခွန်း (၂)မှာ ပုဒ်ခွဲ(၂)ခု ပါဝင်ပါတယ်။ ၂(က)မှာ ပျို့စာကိုယ်လာ စာပိုဒ်တွေကို ရှင်းပြရမှာဖြစ်တယ်။ ၂(ခ)မှာတော့ ဇာတ်ဆောင်အလိုက် ဇာတ်ခန်းအလိုက် ပျို့တစ်စောင်လုံးအလိုက် အကြောင်းအရာ အရေးအဖွဲ့နဲ့ သုတ ရသ သင်ခန်းစာတွေကို မေးမှာဖြစ်တယ်။ ဗြဟ္မဒတ်မင်းကြီး၏ ဂုဏ်ရည်၊ အနုစ်သက်ဆုံးအခန်း၊ ဖခင်နှင့်သားတို့၏ နှစ်လိုဖွယ် ဆက်ဆံရေး၊ ဆရာကောင်းတပည့် ပန်းကောင်းပန်သောသဘော စသည်ဖြင့် မေးနိုင်ပါတယ်။ ရှုထောင့်အထွေထွေက လေ့လာထားရင် ပျို့ကဗျာဖြေဆိုရတာဟာ အလွန်နှစ်သက်ကြည်နူးစရာ ဖြစ်ပါတယ်။

မေးခွန်း(၃)ကတော့ မြန်မာကဗျာဖွဲ့နည်း မေးခွန်းဖြစ်တယ်။ မြန်မာကဗျာဖွဲ့နည်း ပြဋ္ဌာန်းစာမှာ မြန်မာကဗျာရဲ့ အခြေခံကျတဲ့ ကဗျာဖွဲ့နည်းတွေကို သာဓကများစွာနဲ့ ရှင်းပြထားတယ်။ ဒွေးချိုး၊ လေးချိုး၊ တြိချိုး၊ သံချို၊ တျာချင်း၊ အိုင်ချင်း စတဲ့ ကဗျာတွေရဲ့ သဘောအဓိပ္ပာယ်တွေ၊ အဲဒီကဗျာတွေရဲ့ စပ်နည်းတွေ၊ ပြန်ဂဟပ်ကာရန်၊ ခြသေ့်လည်ပြန်ကာရန်၊ အခံကာရန်၊ အအုပ်ကာရန်၊ ဇဝနညာဏ်၊ လက်တန်းညာဏ် စတဲ့ မြန်မာကဗျာဆိုင်ရာ သိမှတ်စရာတွေကို ကျက်မှတ်ရမှာဖြစ်ပါတယ်။ မေးခွန်း(၃) ပိုဒ်ခွဲ(က)မှာ အဲဒီ ကဗျာဖွဲ့နည်းဆိုင်ရာတွေကို မှတ်စုရေးရမှာဖြစ်တယ်။ (၄)ခုပေးထားပြီး (၂)ခု ဖြေရပါမယ်။

မေးခွန်း(၃) ပုဒ်ခွဲ(ခ)ကတော့ လက်တွေ့ဖြေဆိုရတဲ့ ကဗျာမေးခွန်းဖြစ်တယ်။ ကဗျာတစ်ပုဒ်ပေးထားပြီး အဲဒီကဗျာရဲ့ အမျိုးအမည်ကို ဖြေရမှာဖြစ်တယ်။ ပြီးတော့ ကာရန်စနစ်ကို သင်္ကေတနဲ့ပြရမှာ ဖြစ်တယ်။ သာဓကပြရမယ် ဆိုရင်-

"အောင်ပင်နှင့် နန္ဒာ
ကြာစုံကမွေး။
တစ်ကန်ကို တစ်ကန်ဆက်ပါလို့
ဂယက်တွေပင်လယ်နှိုင်းသင့်တယ်
လှိုင်းကြက်ခွပ်ဖွေး။"

ဆိုတဲ့ ကဗျာကိုပေးထားရင် ဒွေးချိုးကဗျာဖြစ်ကြောင်း ဖြေရပါမယ်။ ဒါ နဲ့ ကြာ၊ ဆက် နဲ့ ယက်၊ နှိုင်း နဲ့ လှိုင်း တို့ဟာ ပိုဒ်တွင်းကာရန်တွေဖြစ်တာကြောင့် ခရေပွင့်ပြရမှာဖြစ်တယ်။ မွေး နဲ့ ဖွေးကတော့ ပိုဒ်ဆုံးကာရန် ဖြစ်တာကြောင့် အပေါင်းလက္ခဏာနဲ့ ပြရပါမယ်။ အခြားစကားလုံးများကိုတော့ တုံးတိုအမှတ်အသား ပြရပါမယ်။ ပထမအချိုး "ကြာစုံကမွေး"ရဲ့ အဆုံးမှာ နှစ်ချောင်းပုဒ်တစ်ခု ချရပါမယ်။ ဒုတိယအချိုးဖြစ်တဲ့ "လှိုင်းကြက်ခွပ်ဖွေး" ရဲ့အဆုံးမှာ နှစ်ချောင်းပုဒ်တစ်ခု ချရပါမယ်။ မေးခွန်းမှာ အလျားလိုက် ဖော်ပြထားတဲ့ ကဗျာကို အဖြေမှာ သူ့ကဗျာပုံစံအတိုင်း ဒေါင်လိုက်ပြန်ရေးရပါမယ်။ အဲဒီလိုဖြေဆိုရင် အမှတ်ပြည့်ရမှာ ဖြစ်ပါတယ်။

မေးခွန်း(၄)ကတော့ မြန်မာစာပေသမိုင်း ပြဋ္ဌာန်းစာတွေကို မေးပါမယ်။ ကုန်းဘောင်ခေတ်နဲ့ ကိုလိုနီခေတ် စာပေသမိုင်းတွေကို ပြဋ္ဌာန်းထားပါတယ်။ ခေတ်ဆိုတဲ့ နောက်ခံကာလဝန်းကျင်ကို အကြောင်းပြုပြီး ပေါ်ထွန်းလာတဲ့ မြန်မာစာပေအထွေထွေကို ကဏ္ဍအလိုက်ပြုစုထားတဲ့ ပြဋ္ဌာန်းစာဖြစ်တယ်။

မေးခွန်း(၄) (က)က မြန်မာစာပေသမိုင်း ဓမ္မဓိဋ္ဌာန်မေးခွန်းတွေ ဖြစ်တယ်။ (၈)ခု မေးထားပြီး (၅)ခု ဖြေရပါမယ်။ ခေတ်နှစ်ခေတ်ရဲ့စာပေဆိုင်ရာ အချက်အလက်တွေကိုမေးပါမယ်။ ဓမ္မဓိဋ္ဌာန်မေးခွန်းဖြစ်တဲ့ အတွက် တိုတိုနဲ့တိတိကျကျ ဖြေရပါမယ်။ "ဗုဒ္ဓဝင်ဝတ္ထုဟူသည် အဘယ်နည်း" လို့မေးထားရင် ဗုဒ္ဓဝင်ဝတ္ထုဟူသည် ဘုရားရှင်၏ နောက်ဆုံးဘဝဖြစ်တော်စဉ်ကို ရေးသားထားသော ဝတ္ထုဖြစ်သည်လို့ ဖြေရပါမယ်။ ဆရာဇော်ဂျီ မြန်မာမှုပြုထားသော ပြဇာတ်အမည်သည် အဘယ်နည်းလို့မေးရင် "မဟာဆန်ချင်သူ ပြဇာတ်"လို့ ဖြေရပါမယ်။ ဓားဝတ္ထုက လှုံ့ဆော်သောစိတ်ဓာတ်ကို ရေးပါဆိုရင် "အမျိုးသားရေး စိတ်ဓာတ်လို့" ဖြေရပါမယ်။ တိကျမှန်ကန်ရင် အမှတ်ပြည့်ရမယ့်မေးခွန်းတွေ ဖြစ်ပါတယ်။

မေးခွန်း(၄) (ခ)ကတော့ မြန်မာစာပေသမိုင်းနဲ့ပတ်သက်ပြီး ခြုံငုံဆွေးနွေးရတဲ့ မေးခွန်းဖြစ်တယ်။ ဒီမေးခွန်းမှာလည်း ကုန်းဘောင်ခေတ်နဲ့ ကိုလိုနီခေတ် အဲဒီခေတ်နှစ်ခေတ်က စာပေအခြေအနေတွေကို မေးမှာ ဖြစ်ပါတယ်။ သာဓကပြရမယ်ဆိုရင် "ကုန်းဘောင်ခေတ် မဟာဂီတသီချင်းများ အကြောင်းကို လေ့လာတင်ပြပါ။ (သို့မဟုတ်) ကိုလိုနီခေတ်သမိုင်းနောက်ခံ ဝတ္ထုများအကြောင်းကို ဆွေးနွေးပါ။" ဆိုတဲ့ မေးခွန်းမျိုး ဖြစ်တယ်။ ဒီမေးခွန်းတွေကို ဖြေနိုင်ဖို့အတွက် ခေတ်နှစ်ခေတ်ရဲ့စာပေသမိုင်းကို ကဏ္ဍအလိုက် ဆစ်ပိုင်းကျက်မှတ်ထားဖို့ လိုပါတယ်။ ဖြေဆိုရာမှာလည်း ပြည့်ပြည့်စုံစုံ ပြေပြေပြစ်ပြစ် ရေးသားနိုင်ရပါမယ်။

စိတ်ကြိုက်မြန်မာစာဟာ မေးခွန်း(၄)ပုဒ်ပဲဖြေရပြီးတော့ ပြဋ္ဌာန်းစာ(၄)အုပ်မှာ (၁)အုပ်ကို (၁)ပုဒ်မေးမှာ ဖြစ်ပါတယ်။ မေးခွန်းတွေကိုချန်ပြီး ခြင်းပြီးဖြေရင် မအောင်နိုင်ပါဘူး။ ပြဋ္ဌာန်းစာ (၄)အုပ်ကိုလည်း ချန်ပြီး ခြင်းပြီး ကျက်လို့မရပါဘူး။ (၄)အုပ်လုံးကို ကျေကျေညက်ညက် လေ့လာကျက်မှတ်ထားဖို့ လိုအပ်ပါတယ်။ အဲဒီလို ကျေညက်နေမယ်ဆိုရင် စိတ်ကြိုက်မြန်မာစာမေးခွန်းလွှာကို ပိုင်ပိုင်နိုင်နိုင် ဖြေဆိုနိုင်မှာ ဖြစ်ပါတယ်။

စိတ်ကြိုက်မြန်မာစာ ဖြေဆိုကြမယ့်သူများအားလုံး တက္ကသိုလ်ဝင်စာမေးပွဲကြီးကို ပျော်ရွှင်အောင်မြင်စွာ ဖြေဆိုနိုင်ကြပါစေလို့ ဆန္ဒပြုရင်း ဆွေးနွေးပို့ချချက်ကို နိဂုံးချုပ်လိုက်ပါတယ်။ ။

သမိုင်းဝင် ကျိုက္ကာစံဆံတော်ရှင်စေတီတော် (၁၁၁)ကြိမ် ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပမည်

ရန်ကုန်မြို့၊သယ်န်းကျွန်းမြို့နယ်တွင်တည်ထားသော ဆံတော်၇-ဆူ၊ ဓာတ်တော်၁၀-ဆူ ကိန်းဝပ်တော်မူသည့် သမိုင်းဝင် ကျိုက္ကစံဆံတော်ရှင် ဆုတောင်းပြည့်စေတီတော်၏ (၁၁၁)ကြိမ် ဗုဒ္ဓပူဇနိယပွဲတော်ကို ၁၃၇၂ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်မှ တပို့တွဲလပြည့်ကျော် ၈ ရက်အထိ ၁၀ ရက်တိုင် စည်ကားသိုက်မြိုက်စွာကျင်းပမည်။ ၁၇-၂-၂၀၁၁ ရက်ဖွင့်ပွဲ၊ ၁၈-၂-၂၀၁၁ ရက် မြန်မာ့ရိုးရာထမနဲထိုးပွဲ၊ ၁၈-၂-၂၀၁၁ (တပို့တွဲလပြည့်)နေ့ နံနက်အရုဏ်တက်ချိန် ဗုဒ္ဓရုပ်ပွားတော်များ ထမနဲဆွမ်းကပ်လှူခြင်း၊ မွန်းလွဲ ၁နာရီ ပင့်သံဃာများနှင့် သာသနာ့နွယ်ဝင် သီလရှင်များ ဆွမ်းဆန်စိမ်းအလှူပွဲကျင်းပ၍ ည ၇နာရီတွင် မဟာဒုက်ကံစမ်းမဲအလှူရှင်ရွေးချယ်ပွဲကျင်းပပါမည်။

ပါဝင်လှူဒါန်းလိုသော အလှူရှင်များ ဂေါပကရုံး-ဖုန်း-၅၆၄၀၈၇ သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ဂေါပကအဖွဲ့

ဦးအီစွတ်(ခ) ဦးကျော်ကျော်[၁၂/တမန(နိုင်) ၀၄၁၉၃၈] (Mobile King အောင်မင်္ဂလာဆိုင်ခွဲ ရောင်းဝယ်ရေးတာဝန်ခံ)နှင့်အများသိစေရန် ကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးစိုးမိုး [၁၂/တမန(နိုင်) ၀၇၉၃၁၈] (Mobile King ဖုန်းဆိုင်များ၏ တစ်ဦးတည်းပိုင်ရှင်)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေပိုင် Mobile King ဖုန်းဆိုင်၌ ဦးအီစွတ်(ခ) ဦးကျော်ကျော်အား ၂၀၀၄ ခုနှစ်မှစ၍ ကော်မရှင်စားရောင်းဝယ်ရေး တာဝန်ခံအဖြစ် ခန့်အပ်တာဝန်ပေးခဲ့ရာ ယခုအခါဂင်းသည် မင်္ဂလာတောင်ညွှန့်မြို့နယ်ရှိ အောင်မင်္ဂလာဆိုင်ခွဲမှ ကျွန်ုပ်မိတ်ဆွေပိုင်ဖုန်းများနှင့် ငွေကြေးများကို ကျွန်ုပ်မိတ်ဆွေမသိရှိဘဲ ကိုယ်ကျိုးအတွက်သုံးစွဲကာ ရှောင်တိမ်းလျက်ရှိနေပါသည်။ သို့ပါ၍ ဤကြေညာချက်ပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်မိတ်ဆွေနှင့် လာရောက်တွေ့ဆုံကာ အလွဲသုံးစားပြုထားသောဖုန်းများနှင့် ငွေကြေးကိစ္စများအားဖြေရှင်းရန်နှင့် အကယ်၍ ပျက်ကွက်ပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ထို့အပြင် ၎င်း၏လုပ်မှုရေးကိစ္စ အရှုပ်အရှင်း ပြဿနာများအား ကျွန်ုပ်မိတ်ဆွေမှ လုံးဝတာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ပါကြောင်း ဦးအီစွတ်(ခ) ဦးကျော်ကျော်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ဦးစိုးမိုး၏လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မာလာဆွေ
တရားရုံးချုပ်ရှေ့နေ (စဉ်-၆၄၆၆)
LL.B.,H.G.P.,D.B.L.,D.M.L.,D.I.L,D.A.Psy.
အမှတ်-၁၁၊ ဦးဘဟန်လမ်း၊ သယ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၁ ၂၇၈၂၈





နှစ်ဦးအထူးတရားပွဲ

(က) ၁၈-၁-၂၀၁၁ ရက် (အင်္ဂါနေ့) မှ ၁၉-၁-၂၀၁၁ ရက်(ဗုဒ္ဓဟူးနေ့)ထိ } ဦးသုမင်္ဂလ(ဒယ်အိုးဆရာတော်၊ မင်္ဂလာတိုက်၊ မှော်ဘီ)

(ခ) ၂၀-၁-၂၀၁၁ ရက် (ကြာသပတေးနေ့) မေတ္တာရှင်အရှင်ဇဝန (ရွှေပြည်သာ)

(ဂ) ၂၁-၁-၂၀၁၁ ရက်(သောကြာနေ့) ဒေါက်တာကိတ္တိဗလ စစ်ကိုင်း

(ဃ) ၂၂-၁-၂၀၁၁ ရက် (စနေနေ့) အရှင်ခေမိန္ဒ (စစ်ကိုင်း-ခင်မကန်ဆရာတော်)

(င) ၂၃-၁-၂၀၁၁ ရက်(တနင်္ဂနွေနေ့) အရှင်သောဘဏ ရွှေမြင့်မိုရ်ဆရာတော်

အချိန် - ညစဉ် ၇ နာရီ
နေရာ - ဇမ္ဗူသီရိဗိမာန်တော်
လမ်းညွှန် - တံတားလေးလမ်း၀ (နဝဒေးရုပ်ရှင်ရုံရှေ့) မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

အမည်ပြောင်း

အထက(၁) ဒဂုံ၊ စတုတ္ထတန်း (E)မှ အဖ ဦးကျော်ဇေယျ၏ သမီး မနှင်းဦးရွှေရည်အား မဆုမြတ်ရွှေဇင်ဟုပြောင်းလဲခေါ်ဆိုပါရန်။

မဆုမြတ်ရွှေဇင်

အမည်ပြောင်းခြင်း

ဦးကျော်သန်း၏သမီး မစုမွန်သန်း မှတ်ပုံတင်အမှတ် [၁၂/မရက(နိုင်) ၀၀၁၅၄၈]အား ယနေ့မှစ၍ မဆုမွန် ဟုပြောင်းလဲခေါ်ဆိုပါရန်။

အများသိစေရန်အသိပေးကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေ ဦးဒီ လွတ်(ဒ်)နာသန် မှတ်ပုံတင်အမှတ် (CF-012212) ကိုင်ဆောင်သူနှင့်၎င်း၏မိသားစုတို့သည် တိုက်အမှတ်(၂၁)မြေညီထပ်၊ အခန်းအမှတ်(၁)၊ ၁၂၇လမ်း၊ သပြေကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွှန့်မြို့နယ်ရှိ တိုက်ခန်းတွင် ၁၉၇၀ခုနှစ်ကျော်ခန့်ကစ၍ ယခု ၂၀၁၀ခုနှစ်ကုန်အထိ အိမ်လခ မပျက်မကွက်ပေးဆောင်၍နေထိုင်လျက်ရှိသောတရားဝင်အိမ်ငှားတစ်ဦး ဖြစ်ပါသည်။ မြေရှင်တိုက်ရှင်ကလည်း ကျွန်ုပ်မိတ်ဆွေနှင့် မိသားစုကိုတရားဝင်အိမ်ငှားအဖြစ် အသိအမှတ်ပြုထားပြီးဖြစ်သည်မှာ နှစ်ပေါင်း(၄၀)ခန့်ရှိပြီးဖြစ်ပါသည်။ ထို့ကြောင့်အဆိုပါတိုက်ခန်းသည် အမွေဆိုင်တိုက်ခန်းလုံးဝမဟုတ်ပါ။

သို့ဖြစ်၍ ကျွန်ုပ်တို့၏မိတ်ဆွေသည် တရားဝင်အိမ်ငှားတစ်ဦးဖြစ်ကြောင်း သိရှိပါလျက် မလိုသူအချို့က ကျွန်ုပ်တို့၏မိတ်ဆွေနှင့်မိသားစုတို့အား ဝင်ရောက်စွက်ဖက်၊ နှောင့်ယှက်၊ ဟန့်တားနေသည်ကိုသိရှိရပါသည်။ ထို့ကြောင့် အဆိုပါပြုလုပ်မှုများကိုဤကြေညာချက်ပါသည့်နေ့မှစ၍ ရပ်တန့်ကရပ်ပါရန် သတိပေးတားမြစ်အပ်ပါသည်။ သတိပေးတားမြစ်ထားပါလျက် ဆက်လက်စွက်ဖက်၊ နှောင့်ယှက်၊ ဟန့်တားကျူးလွန်ပါက ညွှန်ကြားချက်အရ သက်ဆိုင်ရာတည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာအရေးယူတော့မည်ဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ရှေ့နေ-ဒေါ်အေးသီတာမင်း(LL.B) (စဉ်-၃၃၅၀၀)

ဒေါ်နော်ဆည်းဇာ(LL.B) (Legal Consultant)

ရှေ့နေ-စိန်ဂျွန်းဦးမျိုးမြင့်
B.A,H.G.P,R.L II,DLP(WIPO)Switzerland
Legal Practitioner & Adviser
(စဉ်-၃၂၅၅/၇၄)

ရှေ့နေ-ဒေါ်ယဉ်ယဉ်ထွန်း
(LL.B,DBL,CBL)
(စဉ်-၂၉၇၀၂)

M2 LAW FIRM
ရုံး-အမှတ်(၉၀)၊ လမ်း(၄၀)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-C/O -၃၉၈၀၇၀၊ HP-၇၃၀၅၅၇၆၄၊ ၇၃၁၁၅၆၆၅

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၂ခ/၅၅၇၃၊ Mitsubishi Fuso FN 428T၊ ယာဉ်လက်ဝယ်ရှိသူအမည်ဒေါ်ခင်နန်း၊ မှတ်ပုံတင်အမှတ် [၁၃/ကမန(နိုင်) ၀၄၃၆၂၇] မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(နေပြည်တော်)

ခွေးရောင်းမည်

သင်နှင့် သင့်မိသားစုအတွက် အဖော်ချစ်စရာ တိဗက်တန် ခွေးလေးများရောင်းမည်။

ကျပ်၄၀၀၀၀ိ/မှ ၆၀၀၀၀ိ/ကျပ်
ဖုန်း-၀၁-၇၃၁၁၅၃၅၆

ခွေးရောင်းရန်

Alsation (တစ်နှစ်) အမ နှစ်ကောင်၊ (ငါးလ)အထီးတစ်ကောင်၊ Golden Retriever တစ်နှစ် အထီး အမ၊ Rottweiler တစ်နှစ် အမ၊ သုံးလအထီး၊ Doberman နှစ်လ ကာကွယ်ဆေးထိုးပြီး၊ Inn သုံးလသားများ ရောင်းမည်။

Dog City Pet Shop
ဖုန်း-၀၉-၅၀၂၇၅၈၈

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

ထူးခြားသည့် ညအပူချိန်များ

၁၅ - ၁ - ၂၀၁၁

ပင်လောင်း	လားရှိုး
၁ ဒီဂရီစင်တီဂရိတ်	၄ ဒီဂရီစင်တီဂရိတ်
ဟားခါး	နမ့်စန်
၂ ဒီဂရီစင်တီဂရိတ်	၄ ဒီဂရီစင်တီဂရိတ်

တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သင်ခန်းစာပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၁၅)နှင့် (၁၆)တွင် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု သိမှတ်ဖွယ်ရာ စိတ်ကြိုက်မြန်မာစာဘာသာရပ် သင်ခန်းစာကို ဖော်ပြထားပါသည်။

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာစက်မှုဇုန်အနီး လမ်းပေါ်တွင် တပ်ဆင်ထားသော ဆိုလာမီးတိုင်ပုံ။

နေစွမ်းအင်ကို လက်တွေ့အသုံးချကြပါ

ကျွန်တော်သည် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ရူပဗေဒဌာနတွင် တွဲဖက်ပါမောက္ခတာဝန် ထမ်းဆောင်နေသူ ဝန်ထမ်းတစ်ဦးဖြစ်ပါသည်။ တာဝန်ထမ်းဆောင်သည့် တက္ကသိုလ်မှ နေထိုင်ရာ စမ်းချောင်းမြို့နယ်သို့ ပြန်သည့်အခါတိုင်း အင်းစိန်မြို့နယ် မီးရထားခုံးကျော်ဖြတ်ခါနီးတွင် မီးရထားပိုင် ရိပ်သာဝင်းအတွင်း စိုက်ထားသော ဆိုင်းဘုတ်တစ်ခုကို အမြဲသတိပြုမိပါသည်။ ရေးထားသည်မှာ "နေစွမ်းအင်ကို အစွမ်းကုန်အသုံးချပါ"ဟု ရေးထားပါသည်။ မှန်ပါသည်။ ကျွန်တော်တို့ လူသားများသည် သဘာဝမှပေးသော နေစွမ်းအင်ကို အပြည့်အဝအသုံးမချနိုင်ကြသေးပါ။ အခြားသော တွင်းထွက်စွမ်းအင်များကိုသာ ဈေးကြီးပေး၍ အသုံးချနေကြပါသည်။

အမှန်တွင် 'နေ'သည် ဟိုက်ဒြိုဂျင်များစုစည်း လောင်ကျွမ်းနေသော ဓာတ်ငွေ့လုံးကြီးတစ်ခုဖြစ်ပါသည်။ ကမ္ဘာ့နိုင်ငံကြီးများတွင် တည်ဆောက်နေသော နျူကလီးယားဓာတ်ပေါင်းဖိုများမှရရှိသော စွမ်းအင်ထက် အဆသန်းပေါင်းများစွာ အချိန်ပြည့် စွမ်းအင်ပေးနေရသည့် စက်ရုံကြီးပင်ဖြစ်ပါသည်။ နေ၏မျက်နှာပြင် ပျမ်းမျှအပူချိန်သည် 6000 K ခန့်ရှိပါသည်။

နေရောင်ခြည်တွင် ဖိုတွန် (photon) အမှုန်များပါရှိသည်။ ၎င်းဖိုတွန်အမှုန်များသည် နေရောင်ခြည်သုံးဆိုလာပြားများ (Solar Photo Voltaic-PV)အပေါ် ကျရောက်သောအခါ လျှပ်စစ်ဓာတ် ထွက်လာပါသည်။ ၎င်းမှထွက်ရှိသော လျှပ်စစ်သည် DC လျှပ်စီးကြောင်းဖြစ်ပါသည်။ ထို့ကြောင့် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာပြားများကို ယနေ့ကမ္ဘာတွင် များစွာ ထုတ်လုပ်ရောင်းချလာကြပါသည်။ ၎င်းဆိုလာပြားများပေါ်သို့ နေရောင်ခြည်ကျရောက်ရာမှရသည့် လျှပ်စစ်ကို ဘက်ထရီအိုးအတွင်း သိုလှောင်ထားပြီး ၎င်းဘက်ထရီမှ အင်ဗာတာ(Inverter) သုံးကာ AC လျှပ်စစ်ကြောင်းဖြင့် အိမ်များတွင် မီးထွန်းခြင်း၊ တီဗွီ၊ ရေခဲသေတ္တာ၊ အဲယားကွန်း၊ ရေမော်တာနှင့် ရေတင်ခြင်းစသည့်လုပ်ငန်းများအတွက်တွင်ကျယ်စွာ အသုံးပြုလာနိုင်ပါသည်။

ယခုအခါ ပညာရေးဝန်ကြီးဌာန၏ နည်းပညာပံ့ပိုးမှုဖြင့် ရန်ကုန်တိုင်းဒေသကြီး ပြန်ပြည့်မြဲစွမ်းအင်အသင်းမှ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်ကြီးများ၏ လမ်းများတွင် နေရောင်ခြည်စွမ်းအင်သုံး မီးတိုင်များကို စိုက်ထူ အသုံးပြုလျက်ရှိပါသည်။ အဆိုပါ မီးတိုင်တစ်တိုင်လျှင် LED-1 Watt မီးလုံးအလုံး ၃၀ ပါတိုင်နှင့် **စာမျက်နှာ ၉ ကော်လံ ၁ သို့** ✪

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ
ဒေါက်တာသန့်စင် (ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်)